၁၉၉၅ ခု ဧအောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

Voice of Burma

Published by Voice of Burma Information Group Issue No.942, October 27, 2013

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN

Tel/Fax: 81 3-3949-3919, E-mail: mgthuka@gmail.com , koko@gol.com

မြန်မာ့နိုင်ငံရေးအခြေအနေအပေါ် အီးယူနိုင်ငံခြားရေးဝန်ကြီးများနှင့် ဒေါ်စု ဆွေးနွေး

VOA၊ အောက်တိုဘာ ၂၁ ။။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ဟာ ဥရောပခရီးစဉ် တစိတ်တပိုင်းအဖြစ်ဒီက နေ့မှာတော့ ဥရောပသမဂ္ဂ (EU) ရဲ့ နိုင်ငံခြားရေး ဝန်ကြီးတွေနဲ့ တွေ့ဆုံပြီး မြန်မာ့အရေး ဆွေးနွေးခဲ့ကြပါတယ်။ Luxembourg နိုင်ငံမှာကျင်းပနေတဲ့နိုင်ငံခြားရေးရာ အစည်းအဝေးပွဲအတွင်း မြန်မာနိုင်ငံက အသွင်ကူးပြောင်းရေးလုပ်ငန်းမှာ အဓိကအခက်အခဲဖြစ်တဲ့ အခြေခံဥပဒေပြင်ဆင်ဖို့ လိုအပ်နေတဲ့အကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုခဲ့တာပါ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဥရောပခရီးစဉ် နောက်ဆုံးအခြေအနေ သိရသမျှကိုတော့ ဆက်သွယ်စုံစမ်းထားတဲ့မအင်ကြင်းနိုင်က တင်ပြပေးထားပါတယ်။

နိဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံခြားရေးဝန်ကြီးတွေနဲ့ နေ့လည်စားစားရင်း မြန်မာ့အရေး ဆွေးနွေးကြတာဖြစ်ပါတယ်။ တွေ့ဆုံမှုအတွင်းမှာတော့ မြန်မာနိုင်ငံက အသွင်ကူးပြောင်းရေးလုပ်ငန်းမှာ ကြုံနေရတဲ့ အခက်အခဲ အတားအဆီးတွေကို ဆွေးနွေးဖို့ စီစဉ်ထားကြတာပါ။ လတ်တလော မြန်မာနိုင်ငံကအပြောင်းအလဲတွေမှာ အဓိက အဟန့်အတားတခု အဖြစ်နဲ့ကတော့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေကို ပြင်ဆင်ဖို့ဖြစ်တဲ့ အကြောင်းကိုလည်း ဆွေးနွေးပွဲ မတိုင်ခင်မှာပဲ သတင်းထောက်တွေကို ပြောခဲ့တာပါ။

"မြန်မာနိုင်ငံမှာ အရေးအကြီးဆုံးကိစ္စကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စပါပဲ၊ အားလုံးခံစားခွင့်ရှိတဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်တွင်း ငြိမ်းချမ်းရေးကိစ္စတွေနဲ့ပတ်သက်ရင် မေးခွန်းထုတ်ရမှာဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ ဖွဲ့စည်းပုံပြင်ဆင်ရေးတွေနဲ့ ဆက်စပ်နေပါတယ်။ မြန်မာနိုင်ငံမှာ ပြဿနာတွေ အများကြီးရှိနေတာပါ။ ဒါတွေကို အဆင့်လိုက် ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ အခြေခံအုတ်မြစ်ဖြစ်တဲ့ ဒီမိုကရေစီကျင့်စဉ် မရှိမဖြစ်လိုအပ်နေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမပြင်မချင်း ဒါတွေကို မလုပ်နိုင်ပါဘူး။"

ဒေါ်အောင်ဆန်းစုကြည်ကိုကြုံဆိုနေတဲ့ ဥရောပသမဂ္ဂနိုင်ငံခြားမူဝါဒရေးရာ အကြီးအကဲ Catherine Ashton ကလည်း မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ဥရောပသမဂ္ဂက ကူညီပံ့ပိုးသွားမှာဖြစ်တယ်လို့ သတင်းထောက်တွေကို အခုလိုပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည် အခုလို ဥရောပကောင်စီရဲ့ နိုင်ငံခြားရေးဌာနကိုလာရောက်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာကြုံဆိုပါတယ်။ အပြောင်းအလဲတွေလုပ်ဖို့အတွက် ကြိုးစားနေရတဲ့မြန်မာနိုင်ငံအတွက် ကူညီပံ့ပိုးခွင့်ရတာဟာ တကယ်ထူးခြားတဲ့ အခွင့်အလမ်းတခုပါ။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ မြန်မာနိုင်ငံဆက်ပြီး ပြောင်းလဲတိုးတက်လာအောင်နဲ့ မြန်မာနိုင်ငံမှာ ကြုံနေရတဲ့ စိန်ခေါ်မှုအကြောင်းတွေကို ဆွေးနွေးချင်နေမယ်ဆိုတာကို ကျမတို့သိပါတယ်။ နောက်သီတင်းသုံးပတ်လောက်ဆိုရင် မြန်မာနဲ့ ဥရောပသမဂ္ဂတို့ကြား ပူးပေါင်းဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေနဲ့ပတ်သက်တဲ့ အစည်းအဝေးကို ကျင်းပမှာပါ။ အဲဒီမှာ မြန်မာနိုင်ငံတဝှန်း စီးပွားရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဥရောပသမဂ္ဂရဲ့ကူညီမှုဟာ အပြောနဲ့အလုပ်ညီတယ်ဆိုတာကို တွေ့ကြရမှာပါ။"

ဒီတွေ့ဆုံပွဲမှာ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်နဲ့ စိန်ခေါ်မှုတွေနဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်ဟာ ဥရောပသမဂ္ဂနိုင်ငံခြားရေးဝန်ကြီးတွေနဲ့ ဆွေးနွေးပြောဆိုဖို့ရှိပါတယ်။ ဒဲ့အပြင် နိုဝင်ဘာလ ၁၃ ရက်ကနေ ၁၅ ရက်နေ့အထိ ရန်ကုန်နဲ့ နေပြည်တော်မှာ ကျင်းပမယ့် ဥရောပသမဂ္ဂနဲ့ မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအစီစဉ်အတွက်လည်း တိုင်ပင်ဆွေးနွေးကြမယ်လို့ ဆိုပါတယ်။

ဥရောပသမဂ္ဂနိုင်ငံခြားရေးဝန်ကြီးတွေနဲ့ မတွေ့ဆုံခင်မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ လူဇင်ဘတ်နိုင်ငံရဲ့ ဘုရင်နဲ့မိဖုရားတို့ဖိတ်ကြားချက်နဲ့ နန်းတော်မှာ တနလ်ာနေ့ မနက်ပိုင်းက သွားရောက်တွေ့ဆုံ

စာမျက်နှာ ၃ သို့

အနာဂတ်လူငယ်များ ခိုင်းတာပဲ မလုပ်ဖို့ နှင့် မေးခွန်းထုတ်တတ်ဖို့ သင်ကြားသင့်
စာမျက်နှာ ၃

ပြုပြင်ပြောင်းလဲရေးအတွက် အခြေခံဥပဒေအရေးကြီးဟု ဝန်ကြီးချုပ် ကင်မရွန်းဆို
စာမျက်နှာ ၈

ပြုပြင်ပြောင်းလဲရေး ဗိအားပေးဖို့ ကမ္ဘာ ဒေါင်းဆောင်တွေကို ဒေါ်စု တိုက်တွန်း
စာမျက်နှာ ၁၂

ကေအိုင်အို၏ အစိုးရကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်နေစဉ် တိုက်ပွဲတွေ ဖြစ်
စာမျက်နှာ ၁၄

ဒေါ်အောင်ဆန်းစုကြည် အီတလီခရီးစဉ်အတွင်း ပုပ်ရဟန်းမင်နဲ့ တွေ့မည်
စာမျက်နှာ ၁၇

ဦးသိန်းဗိန်အစိုးရကို အယုံအကြည်နည်းနေတဲ့ အကြောင်းများ
စာမျက်နှာ ၁၉

၂၀၀၈ အခြေခံဥပဒေကို ပြင်မှ ဖြစ်မည်

မြန်မာနိုင်ငံအား ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်ရန်အတွက် ပြည်သူ့လူထုဆန္ဒနှင့် ကိုက်ညီသော ဒီမိုကရေစီမူများအပေါ်တွင် အခြေခံသည့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ် လိုအပ်သည်ဟု ယုံကြည်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟူသည် နိုင်ငံတော်အား မည်သည့်ပုံစံဖြင့် ဖွဲ့စည်းမည်၊ အုပ်ချုပ်မည်၊ ပြည်သူ့ကိုယ်စားပြု ပြည်သူ့ကိုယ်စားလှယ်များအား မည်ကဲ့သို့ ရွေးကောက်တင်မြှောက်ပြီး တာဝန်များကို မည်ကဲ့သို့ ခွဲဝေအပ်နှင်းမည်၊ မည်သည့်စနစ် မည်သည့်မူဝါဒများကို ခံယူကျင့်သုံးမည်၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို မည်သို့ဖော်ဆောင်ဖြည့်ဆည်းပေးမည်၊ ပြည်သူလူထု၏ ရပိုင်ခွင့်များ ခံစားပိုင်ခွင့်များကို မည်သို့အာမခံမည်၊ ပြည်သူတို့၏ တာဝန်များကို မည်သို့သတ်မှတ်မည်၊ အစိုးရ၏လုပ်ပိုင်ခွင့်ကို မည်သို့ ကန့်သတ်မည်စသည်ဖြင့် ပြည်သူနှင့်အစိုးရအကြား ချုပ်ဆိုသောပဋိညာဉ်စာချုပ်ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ လက်ရှိ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ဒီမိုကရေစီ စံချိန် စံညွှန်းများနှင့် မကိုက်သော အချက်များပါရှိနေသည်။ တပ်မတော်အား အလွန်အကျွံအာဏာသုံးစွဲခွင့်ပြုထားသောအချက်သည်လည်း ဒီမိုကရေစီစနစ်နှင့် လုံးဝဆီလျော်မှုမရှိသော အချက်ဖြစ်ပါသည်။

နိုင်ငံတော်၏အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍာတွင် တပ်မတော်မှ ပါဝင်ထမ်းဆောင်နိုင်ရေးကို အစဉ်တစိုက် ဦးတည်သည်ဟူသောအချက်သည်လည်း ဒီမိုကရေစီလုပ်ထုံးလုပ်နည်းများနှင့် ဆန့်ကျင်နေသည်ဟု ယူဆသည်။နိုင်ငံတော်သမတနှင့် ဒုသမတတို့သည် စစ်ရေးအမြင်ရှိသူဖြစ်ရမည်ဟူသော အချက်သည်လည်း ပြည်သူလူထု၏ နိုင်ငံတော်သမတ ရွေးချယ်ရာတွင် ကန့်သတ်ချက်ဘောင် ကျဉ်းမြောင်းသွားစေပါသည်။ ဤကဲ့သို့သော အခြား အခြေခံဥပဒေအချက်အလက်များတွင် ဒီမိုကရေစီစနစ်နှင့် မကိုက်ညီသော အချက်အလက်အများအပြား ပါရှိနေသည့် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် မြန်မာနိုင်ငံအား ဒီမိုကရေစီနိုင်ငံတော် မတည်ဆောက်နိုင်ဟု လုံးဝယုံကြည်သည်။

ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်မည်ဆိုပါက တပ်မတော်သည် နိုင်ငံရေးနှင့်စီးပွားရေးတွင် လုံးဝ ပါဝင်ပတ်သက်ခွင့်မရှိပါ။ တပ်မတော်သားတိုင်းသည် ပြည်သူ့အစွန်ဇွေဖြင့် နိုင်ငံတာဝန်ကို ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများသာဖြစ်၍ ပြည်သူလူထု၏ လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်သာလျှင် တာဝန်ကြေပွန်စွာ ထမ်းဆောင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်နေပါသည်ဟု နိုင်ငံတကာကို လှည့်လည်ပြောဆို ဆွေးနွေးတိုင်ပင်ခဲ့သော သမတဦးသိန်းစိန်အပါအဝင် နိုင်ငံတော် အကြီးအကဲများအား အပြောနှင့်အလုပ်ညီရပေမည်။ အမှန်တကယ် ဒီမိုကရေစီနိုင်ငံတည်ဆောက်လိုပါက ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့် မကိုက်သော ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရေး ကြိုးစားလုပ်ဆောင်သင့်သည်ဟု ယူဆသည်။

ပြည်သူလူထုဆန္ဒအမှန်ဖြင့် ပေါ်ပေါက်လာသော ဒီမိုကရေစီ စံချိန် စံညွှန်းများနှင့် ကိုက်ညီသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့်သာ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောင်နိုင်မည်ဟု လုံးဝယုံကြည်ကြောင်း ရေးသားလိုက်ရသည်။

ဆာခါရော့ လွတ်လပ်စွာ တွေးခေါ်မှုဆိုင်ရာဆု ဒေါ်အောင်ဆန်းစုကြည် လက်ခံရယူ

DVB၊ အောက်တိုဘာ ၂၂။။ ဥရောပကိုရောက်ရှိနေတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ၁၉၉၀ ပြည့်နှစ်က ပေးအပ်ချီးမြှင့်ခဲ့တဲ့ဆာခါရော့လွတ်လပ်စွာတွေးခေါ်မှုဆိုင်ရာဆုကိုပြင်သစ်နိုင်ငံဥရောပပါလီမန်ရုံးစိုက်ရာစထရတ်ဘော့မှာ လက်ခံရယူလိုက်ပါတယ်။

မြန်မာနိုင်ငံက အခုခေတ်လူငယ်တွေဟာ ကမ္ဘာအတွက်တန်ဖိုးရှိတဲ့သူတွေ ဖြစ်လာပြီးတော့ ပါမောက္ခ ဆာခါရော့ အတည်ပြုထားတဲ့ အခွင့်အရေးနဲ့ အောင်မြင်မှုတွေကို ကူညီမြှင့်တင်နိုင်မယ်လို့ ယုံကြည်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဆုချီးမြှင့်ပွဲမှာ ပြောပါတယ်။

ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် လူငယ်တွေကို ဘာကြောင့်ဆိုတဲ့ မေးခွန်းတွေကို မေးတတ်ဖို့ သင်ကြားပေးနေကြောင်းနဲ့ ဒီမိုကရေစီစနစ်ဆိုတာ ပြီးပြည့်စုံတဲ့စနစ်မ ဟုတ်ကြောင်းလည်း ပြောကြားသွားပါတယ်။ မြန်မာပြည်က ဒီမိုကရေစီလှုပ်ရှားမှုဟာ ချက်သမ္မတနိုင်ငံနဲ့ ရိုးမေးနီးယားနိုင်ငံတွေထက် စောခဲ့ပေမယ့်လည်း နောက်ကျ ကျန်နေရစ်ကြောင်း၊ အခုတော့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ရောက်နေ တယ်လို့ပြော ပါတယ်။

ဒါ့အပြင် တိုင်းပြည်ရဲ့အနာဂတ်နဲ့ လူငယ်တွေရဲ့ အနာဂတ်လုံခြုံစိတ်ချရဖို့အတွက် ကျန်းမာရေးနဲ့ ဖွံ့ဖြိုးရေးကိစ္စရပ်တွေမှာ အကူအညီလိုနေတာတွေကို နားလည်ဖို့လိုကြောင်း ဒေါ်အောင်ဆန်းစုကြည်က ထည့်သွင်းပြောကြားသွားပါတယ်။

ဆာခါရော့ဆုဟာ လူအခွင့်အရေးနဲ့ လွတ်လပ်စွာ တွေးခေါ် မှုတွေအတွက် ဆိုဗီယက်သိပ္ပံပညာရှင် အတိုက်အခံလှုပ်ရှားသူ အင်ဒရေးဆာခါရော့ (Andrei Sakharov) ကို ဂုဏ်ပြုတဲ့အနေနဲ့ ၁၉၈၈ခုနှစ်က စပြီးချီးမြှင့်တာဖြစ်ပါတယ်။ ဒီဆုကို လက်ခံရယူပြီးတဲ့နောက် ဒေါ်အောင်ဆန်းစုကြည်က ဗြိတိန်နိုင်ငံနဲ့ မြောက်ပိုင်းအိုင်ယာလန်ကို သွားရောက်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို လေ့လာမှာဖြစ်သလို ဆင်းဟတ်စ်စစ်တက္ကသိုလ်မှာလည်း မိန့်ခွန်းပြောကြားဖို့ရှိနေပါတယ်။

အောက်တိုဘာ ၂၁ ရက်နေ့ လူဇင်ဘတ်ကို ရောက်ရှိစဉ်က လည်း ဒေါ်အောင်ဆန်းစုကြည်က အမျိုးသမီးတွေကို သမ္မတဖြစ်ခွင့် တားမြစ်ထားတဲ့ ဒီမိုကရေစီမကျတဲ့ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးအတွက် မြန်မာနိုင်ငံအပေါ် ဖိအားပေးဖို့ ဥရောပသမဂ္ဂနဲ့ ကမ္ဘာ့ခေါင်းဆောင်တွေကို တိုက်တွန်းလိုက်ပါတယ်။

အောက်တိုဘာ ၂၀ ရက်မှာတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ ဥရောပကောင်စီရဲ့ ဥက္ကဋ္ဌ ဟာမန်ဗန်ရွန်ပူး (Herman Van Rom puy) နဲ့တွေ့ဆုံခဲ့ပါတယ်။ အောက်တိုဘာ ၁၉ ရက်နေ့မှာတော့ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျိုဆေလ်းမန်နျူရယ်လ် ဘာရိုဆို (Jose Manuel Barroso) နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံခဲ့ပါတယ်။ အခုခရီးစဉ်ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ တတိယအကြိမ်မြောက် ဥရောပခရီးစဉ်ဖြစ်ပြီး အရင်နှစ်က ဗြိတိန်နဲ့နော်ဝေတို့ကို သွားရောက်ခဲ့ပါတယ်။

အနာဂတ်လူငယ်များ ခိုင်းတာပဲ မလုပ်ဖို့နှင့် မေးခွန်းထုတ်တတ်ဖို့ သင်ကြားသင့်

VOA၊ အောက်တိုဘာ ၂၂။။ မြန်မာနိုင်ငံမှာ လွတ်လပ်တဲ့ တွေးခေါ်မှုတွေ လွှမ်းမိုးလာစေဖို့အတွက် အနာဂတ်လူငယ်တွေကို ခိုင်းတာပဲလုပ်ဖို့ မကြိုးစားပဲ မေးခွန်းတွေထုတ်တတ်ဖို့ လေ့ကျင့်သင်ကြားပေးရမယ်လို့ မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြား လိုက်ပါတယ်။ အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က တင်ပြထားပါတယ်။

၁၉၉၀ ခုနှစ်တုန်းက ချီးမြှင့်ခံရတဲ့ Sakharov ဆုဖြစ်တဲ့ လွတ်လပ်တဲ့ အတွေးအခေါ်ဆိုကို အင်္ဂါနေ့မှာ ပြင်သစ်နိုင်ငံ Strasbourg မြို့ကဥရောပပါလီမန်မှာ လက်ခံယူရင်း အခုလိုပြောကြားလိုက်တာပါ။

ဥရောပပါလီမန်ဥက္ကဋ္ဌ Martin Schulz က Sakharov ဆုကို ဥရောပပါလီမန်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ပေးအပ်လိုက်ပါ တယ်။ နှစ်ပေါင်း ၂၃ နှစ် နောက်ကျပြီးမှ ဒီဆုကို ချီးမြှင့်နိုင်ပေမဲ့ ဖိနှိပ်တဲ့ အာဏာရှင်ကို ကြံ့ကြံ့ခံရင်း လွတ်လပ်မှုကို ရအောင် ကြိုးပမ်းခဲ့တာမို့ တကမ္ဘာလုံးက အတုယူရတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီမိုကရေစီရေး လွတ်လပ်မှုရဲ့ ပြယုဂ်တခုဖြစ်တယ်လို့ Martin Schulz က ပြော ပါတယ်။

၁၉၉၀ ခုနှစ် ဥရောပ Sakharov ဆုကို ချီးမြှင့်ခံရတဲ့အချိန်က ဒေါ်အောင်ဆန်းစုကြည်ဟာ နေအိမ်အကျယ်ချုပ် ကျခံနေရတာဖြစ်ပါ တယ်။ အဲ့ဒီအချိန်က ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် က အနိုင်ရခဲ့ပေမဲ့ အုပ်ချုပ်ခွင့်မရခဲ့တဲ့အတွက် ပြည်သူတွေဟာသူတို့ တွေရဲ့ဆန္ဒတွေ ထုတ်ဖော်ခွင့်မရဘဲ စစ်အာဏာရှင်ရဲ့ ဖိနှိပ်မှုကို ခံခဲ့ရ သလို အခုအချိန်ထိလည်းကိုယ့်ဆန္ဒကို အပြည့်အဝထုတ်ဖော်ခွင့်၊ပြသ ခွင့်မရကြသေးတာမို့ အနာဂတ်လူငယ်တွေကို လွတ်လပ်စွာလုပ်ကိုင် တွေးခေါ်တတ်အောင် လေ့ကျင့်သင်ကြားပေးဖို့ သိပ်အရေးကြီးတယ် လို့ ဆုကိုလက်ခံရယူခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

"ကျမတို့ရဲ့ ကလေးတွေကို လွတ်လပ်စွာ တွေးခေါ်တတ်အောင် သင်ကြားပေးဖို့ကိစ္စဟာ သိပ်ကိုအရေးကြီးပါတယ်။ လွတ်လပ်စွာတွေး ခေါ်မှုဆိုတာ မေးခွန်းထုတ်ပိုင်ခွင့်နဲ့ စတင်ပါတယ်။ ဒီအခွင့်အရေးမျိုးကို ကျမတို့ မြန်မာပြည်သူတွေနှစ်ပေါင်းများစွာ မရခဲ့ကြပါဘူး။ ဒါကြောင့် ကျမတို့ တိုင်းပြည်က ကလေးတချို့ဟာ မေးခွန်း ဘယ်လိုမေးရတယ် ဆိုတာကို မသိကြပါဘူး။ ကျမတို့ ပါတီမှာချမှတ်ထားတဲ့ တာဝန်တခု က ကလေးတွေကို သူများပြောသမျှ၊ လုပ်သမျှဘာကြောင့် ဒီလိုလုပ်ရ တယ်ဆိုတာ ပြန်မမေးဘဲနဲ့ လက်မခံဖို့၊ ပြန်ပြီး မေးတတ်အောင် လေ့ ကျင့်သင်ကြားပေးဖို့ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတဲ့စကားကဘာသာ စကားတိုင်းမှာ အရေးကြီးတဲ့စကားပါ။ ကမ္ဘာကြီးဟာ ဘာကြောင့် ဒီ လိုဖြစ်နေတယ်ဆိုတာ လူတိုင်း သိခွင့်ရှိပါတယ်၊ သိလည်းသိချင်ကြ မှာပါ။ ဒီလို စူးစမ်းလိုစိတ်မရှိရင် ဒီလို သိလိုစိတ်ကို သူများနားလည် အောင်လို့ မဖော်ထုတ်နိုင်ရင် ကမ္ဘာကြီးတိုးတက်အောင် ကျမတို့ လုပ် နိုင်ကြမှာ မဟုတ်ပါဘူး။"

မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေဖြစ်နေပေမဲ့ ကိုယ့်ယုံကြည် မှုနဲ့ နေနိုင်တဲ့ သိကျွမ်းရှိရှိ ရပ်တည်နိုင်တဲ့ နိုင်ငံတနိုင်ငံ ဖြစ်လာစေဖို့လုပ် ရည်မှာဖြစ်ပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ခိုင်ခိုင်မာမာ လျှောက် လှမ်းနိုင်ဖို့ အဖွဲ့အစည်းတခုက ချမှတ်ထားတဲ့ လက်ရှိ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြင်ဖို့ လိုတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ဆိုပါတယ်။

"ကျမတို့ ယုံကြည်မှုနဲ့ နေထိုင်နိုင်တယ်ဆိုတာ အာမခံနိုင်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတခု ဖြစ်လာဖို့ ခက်ခက်ခဲခဲနဲ့ လုပ်ဆောင်ကြ ရပါမယ်။ ဒါကြောင့်လည်း လက်ရှိ ဖွဲ့စည်းပုံဥပဒေကို ဒီမိုကရေစီ ဥပ ဒေစစ်စစ်ဖြစ်အောင် ပြောင်းလဲဖို့အတွက် ကျမတို့ အခိုင်အမာပြောနေ တာပါ။ ကျမတို့ဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ မယိမ်းမယိုင် လျှောက်လှမ်းနိုင်ဖို့အတွက် တနည်းပြောရရင် လူထုဆန္ဒကို လက်ခံ နိုင် တဲ့စနစ်ကို အမှန်တကယ် ဖော်ဆောင်နိုင်ဖို့အတွက် အဖွဲ့အစည်း တခုတည်း၊ ဒါမှမဟုတ် ရွေးကောက်တင်မြှောက်ထားတာ မဟုတ်တဲ့ စစ်တပ်ရဲ့ ကြီးစိုးမှုတွေ၊ လူထုကနေ ကျိုးနွံရတဲ့ ဖွဲ့စည်းပုံ မျိုးနဲ့တော့ မ ဖြစ်နိုင်ဘူးဆိုတာကို ပါမောက္ခ Sakharov ကလည်း သဘောတူလက် ခံလိမ့်မယ်လို့ ကျမထင်ပါ တယ်။"

မြန်မာနိုင်ငံသားတွေ ဆင်းရဲခြင်းကင်းပြီး လွတ်လပ်စွာနေ ထိုင်နိုင်အောင် လွတ်လပ်မှုကို လက်တွေ့ ခံစားနေရတဲ့ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေနဲ့တကွ တကမ္ဘာလုံးက ပိုင်းဝန်းကူညီကြဖို့ကိုလည်း ဒေါ်အောင်ဆန်းစုကြည်က ပန်ကြားခဲ့ပါတယ်။

"ပါမောက္ခ Sakharov မျှော်မှန်းခဲ့တဲ့ နေရာကိုရောက်ဖို့အတွက် ကျမတို့အများကြီး အားထုတ်လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ လွတ် လပ်စွာတွေးခေါ်မှု၊ နိုင်ငံသားတဦးချင်းစီအဖို့ မွေးရာပါအခွင့်အရေး တခုဖြစ်တယ်ဆိုတာကို ပါမောက္ခ Sakharov က ကျမတို့ တွေအ တွက် မျှော်မှန်းခဲ့တာတွေကို ပါမောက္ခ Sakharov အသိအမှတ်ပြုမယ့် လူအဖွဲ့အစည်းမျိုး ဖြစ်ထွန်းဖို့အတွက် ကျမတို့ အများကြီး ကြိုးစား ကြရဦးမှာပါ။ တကယ်ဆိုရင် ကျမတို့ပြည် သူတွေက အဓိကလုပ်ဆော င်ရမှာဖြစ်ပေမဲ့ ကျန်တဲ့လူတွေ အားလုံးကလည်း ကျမတို့ရဲ့လုပ်ရပ်ကို အားပေးကူညီ နိုင်မယ်လို့ ကျမတို့ ယုံကြည်ပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်တဲ့ ဆုပေးပွဲအခမ်းအနားကို ဥရောပပါလီမန်အမတ်တွေလည်းတက်ရောက်ခဲ့ကြပါတယ်။ ဆုကြေး ငွေကတော့ ဥရောပယူရိုငွေ ၅ သောင်းဖြစ်ပြီး ပထမဆုံးဆုရှင် က တော့ တောင်အာဖရိကနိုင်ငံက နယ်လ်ဆင် မန်ဒဲလားဖြစ်ပါတယ်။အခု နောက်ဆုံး ၂၀၁၃ ခုနှစ် ဆုရှင်ကတော့ လူသိများတဲ့ ပါကစ္စတန် နိုင်ငံသူ အသက် ၁၆ နှစ်အရွယ် သတ္တိရှင် အမျိုးသမီးငယ်လေး မာလာ လာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ Sakharov ဆုကို လက် ခံရယူပြီး တဲ့နောက်မှာ ဗြိတိန်နိုင်ငံကို ဆက်လက် ထွက်ခွာသွားမှာဖြစ် ပါတယ်။

မျက်နှာဖုံးမှ

ခဲ့ပါတယ်။

ဂျူလိုင်လက ချမှတ်ခဲ့တဲ့ ဥရောပသမဂ္ဂရဲ့ မြန်မာ့အရေးဆုံးဖြတ် ချက်ထဲ မှာတော့ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ထောက် ခံထားပါတယ်။ ဥရောပ သမဂ္ဂရဲ့ အဓိကရည်မှန်းချက်ဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ လူမှုရေးနဲ့ စီးပွားရေးကဏ္ဍတွေမှာ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ လူအ ခွင့်အရေးကို လေးစားလိုက်နာဖို့၊ နိုင်ငံတကာ အသိုင်းအဝိုင်းနဲ့ ပြန်ပြီး ဆက်ဆံရေးကောင်းမွန်လာဖို့၊ မြန်မာအစိုးရကို အကူအညီပေးဖို့ ဖြစ် တယ်လို့ ဆုံးဖြတ်ချက်ထဲမှာ ဖော်ပြထားပါတယ်။

စနေနေ့က ဥရောပကော်မရှင်မှာ ကော်မရှင်ဥက္ကဋ္ဌ JoseManuel Barroso နဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံအပြီးပြုလုပ်တဲ့ သတင်း စာရှင်းပွဲမှာလည်း မြန်မာနိုင်ငံက ဖြစ်ပေါ်တိုးတက်မှုတွေပေါ်မှာ ဥရော ပသမဂ္ဂက အထူးသတိနဲ့စောင့်ကြည့်နေပြီး နိုင်ငံရေးနဲ့စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုတွေမှာ မြန်မာပြည်သူတွေအတွက် ထိထိရောက် ရောက်ဆက်ပြီး ပံ့ပိုးကူညီသွားမယ်လို့လည်း Mr. Barroso ကပြောသွား ပါတယ်။

အလှအပနှင့် အကျည်းတန်

အင်တာနက်မှ ကူးယူဖော်ပြပါသည်

ခေါ်ဆောင်ဆန်းနှင်းညီ

လွန်ခဲ့တဲ့ နှစ်အတော်ကြာက Oxford တက္ကသိုလ်ရဲ့ ဂျပန်ရိုးရာ လက်ဖက်ရည်ပွဲပြင်တဲ့ သင်ခန်းစာတခုမှာ ကျွန်မတို့ ရဲ့ဆရာက လက်မှုပညာရှင်ကြီးတဦးပြုလုပ်ထားတဲ့ မြေခွက်လေးတွေရဲ့ပုံကို ရောင်စုံဆလိုက်ထိုးပြီး ပြသခဲ့ပါတယ်။ အဲဒီမြေခွက်ကလေးတွေကို ဆရာကြီးရဲ့နေအိမ်မှာ မာတ်ပုံရိုက်ယူခဲ့တာပါ။ အဲဒီမြေခွက်လေးတွေရဲ့ ကွန်ဒြေရလှတဲ့ အနသုခုမအလှဟာ ခေတ်မီကော်ဇောကြီးရဲ့ ပြိုးပြိုး ပြောင်ပြောင်၊တောက်တောက်လွင်လွင်ပုံကြမ်းကြီးနဲ့မဆီမဆိုင်အောင် ခြားနားနေပါတယ်။

ကော်ဇောကတော့ ဆရာကြီး နေ့စဉ်နဲ့အမျှ ခြေဖဝါးချရုံတင်မက သိလျက်နဲ့ဖြစ်ဖြစ်၊ မသိဘဲဖြစ်ဖြစ်မျက်စိအရာသာခံတဲ့ ကော်ဇောကြီးပေါ့။ ဂျပန်မှာ နှစ်ပေါင်းများစွာနေခဲ့ပြီး ဂျပန်ရိုးရာ လက်ဖက်ရည်တည်ခင်းခြင်းကို လေ့လာသင်ယူခဲ့တဲ့အတွက် ယခုအခါ တဖက်ကမ်းခပ်အောင် ကျွမ်းကျင်တဲ့ အဆင့်ကိုရောက်နေပြီဖြစ်တဲ့ အမေရိကန်လူမျိုး ကျမတို့ရဲ့ဆရာဟာ ကျမတို့တတွေ ကြောင်တက်တက်ဖြစ်နေတဲ့ အမှုအရာကို ကြည့်ပြီးရယ်ပါတယ်။ သူကတချို့လူတွေဟာ ဘယ်အရာဟာ လှတယ်ဆိုတာကိုပဲ သိကြတယ်၊ ဘယ်အရာဟာ အကျည်းတန်တယ်ဆိုတာကို မသိကြဘူးလို့ မှတ်ချက် ပေးလိုက်ပါတယ်။

ကျမတို့ဆရာက သုခုမပညာနဲ့ ပတ်သက်တဲ့ အကြောင်းတွေကို အဓိကပြောပြပါတယ်။ သူက အရောင်အသွေးစုံလင်စွာရောက် ပြီး ဒီဇိုင်းဆွဲထားတဲ့ ပိုသားဘရိုကိတ်နဲ့ ရိုးရိုးရှင်းရှင်းအကွက်အစင်း(သို့မဟုတ်) ရိုးရိုးပြေပြေ အမှတ်အသားရိုက်နှိပ်ထားတဲ့ ခပ်ရိုးရိုးခပ်ရင့်ရင့် အထည်တွေရဲ့ ယဉ်တဲ့ကျက်သရေတို့ ခြားနားပုံကိုယှဉ်ပြီးပြပါတယ်။

နီယွန်မီးများနဲ့ တောက်ပြောင်လင်းထိန်နေတဲ့ မြို့ကြီးတွေနဲ့၊ရေညိုဖုံးတဲ့ ကျောက်တုံးကျောက်ခဲနဲ့ ထင်းရှူးပင်အိုကြီးတွေပြည့်နေပြီး အေးမြလှတဲ့ ပန်းခြံဥယျာဉ်တွေကိုလည်း နှိုင်းယှဉ်ပြီးပြောပြပါတယ်။

ဂျပန်ရိုးရာ လက်ဖက်ရည်တည်ခင်းတဲ့အခါ ဂျပန်ဘာသာနဲ့ wakei seijaku လို့ခေါ်တဲ့ ကိုယ့်ရဲ့စိတ်ကို တည်ငြိမ်အေးချမ်းအောင် ထားဖို့ လိုအပ်ပါတယ်။ စိတ်ရောကိုယ်ပါ ကြည်လင်သန့်စင်လှပဖို့အတွက် အကျည်းတန်အရုပ်ဆိုးတာတွေ၊ လိုက်ဖက်မညီတာတွေကို အရင် ဖယ်ရှားပစ်ဖို့လိုခြင်းကို ဒီလက်ဖက်ရည်တည်ခင်းပွဲက သရုပ်ဆောင် ခဲ့ပါတယ်။

ကျမတို့ဆရာ သင်လို့သိရတဲ့ သုခုမပညာရဲ့ အခြေခံသဘောကတကယ်ကောင်းကောင်းမွန်မွန် ရသခံစားတတ်ချင်တဲ့သူက ဘယ်ဟာကလှပတယ်၊ ဘယ်ဟာက အကျည်းတန်တယ်ဆိုတာကို ခွဲခြားသိမြင်နိုင်ဖို့လိုအပ်ပါတယ်။ အဲဒီသဘောဟာ ကျယ်ပြောလှတဲ့ လူဘဝအတွေ့အကြုံကြီးတခုလုံးမှာ သုံးလို့ရပါတယ်။ ဘယ်ဟာကိုငြင်ပယ်သင့်တယ်၊ ဘယ်ဟာကို လက်ခံသင့်တယ်ဆိုတာကို နားလည်တတ်ဖို့ ဟာလည်း အရေးကြီးပါတယ်။

ကျမနဲ့ ပုဂ္ဂိုလ်ရေးအရခင်မင်ရင်းနှီးတဲ့ ဂျပန်လူမျိုးမိတ်ဆွေတွေ ရှိပါတယ်။ သူတို့တတွေဟာ အကျည်းတန်တဲ့ အရာတွေကို ငြင်းပယ်ဖို့ အဆင်သင့်ရှိကြသလို လှပတဲ့အရာတွေဆိုရင် လက်ခံဖို့လည်းအဆင်သင့်ပါပဲ။ ဒါပေမဲ့ အခုလောလောဆယ်မှာ မြန်မာနိုင်ငံနဲ့စီးပွားရေးဆက်ဆံမှုတွေကို တိုးမြှင့်ပြုလုပ်ချင်ကြတဲ့ သူတွေဆီမှာ ဒီလိုခွဲခြားသိမြင်တတ်တဲ့အတွေးအခေါ် အယူအဆတွေ နည်းပါးနေတယ်လို့ကျမအနေနဲ့ မစဉ်းစားမိဘဲ မနေနိုင်ပါဘူး။

ဒီပုဂ္ဂိုလ်တွေ မြန်မာနိုင်ငံနဲ့ အလောတကြီး စီးပွားရေးဆက်ဆံမှုပြုချင်လို့ ကျမတို့နိုင်ငံကို ကြည့်တဲ့ အခါဘာတွေကို မြင်သလဲ။သူတို့တတွေ ကျမတို့ မြန်မာနိုင်ငံရဲ့ ပန်းချီကားတချပ်လိုလှပတဲ့ သဘာဝအလှအပမြင်ကွင်းတွေကိုသာ မြင်ကောင်းမြင်မိပါလိမ့်မယ်။ ဇည့်သည်တွေနဲ့ တွေ့ဆုံနှုတ်ဆက်တဲ့ အခါ မြန်မာလူမျိုးတွေရဲ့ လှိုက်လှဲပျူငှာတဲ့အပြုံးတွေ၊ ဟိုတယ်အသစ်တွေ၊ ဈေးပေါလှတဲ့ လုပ်သားတွေကို မြင်ပါလိမ့်မယ်။ သူတို့ရဲ့အထင်အားဖြင့် ငွေကြေးအမြတ်အစွန်းတွေရဖို့ ရွေတမျှ အဖိုးတန်တဲ့အခွင့်အရေးတွေကို မြင်ကောင်းမြင်ပါလိမ့်မယ်။

ဒါပေမဲ့ကျေးလက်ဒေသတွေရဲ့ဆင်းရဲနွမ်းပါးမှုတွေ၊အဆောက်အဦးအရုပ်ဆိုးကြီးတွေဆောက်လုပ်ဖို့ သူတို့ရဲ့နေအိမ်တွေကို ဖယ်ရှားခံကြရတဲ့၊ ကံဆိုးရှာတဲ့ ပြည်သူတွေ၊ ကင်ဆာရောဂါလို ကြီးထွားပျံ့နှံ့နှုန်းမြန်နေတဲ့ လာဘ်ပေးလာဘ်ယူမှုတွေ၊ တံခါးဖွင့်စီးပွားရေးလို့ခေါ်နေတဲ့ စီးပွားရေးစနစ်မှာ တချို့လူတွေအတွက် တံခါးတွေ အကျယ်ကြီးဖွင့်ပေမယ့်လည်း တချို့လူတွေအတွက်ကတော့ တခါးမဟတဟ လေးဖြစ်ဖို့ကိုတောင် အတော်မလွယ်ဖြစ်နေတဲ့ မညီမျှမှုတွေ၊ ဒီမိုကရေစီနဲ့ လူအခွင့်ရေးရှာဖွေနေတဲ့လူတွေကို အာဏာပိုင်တွေက ပြင်းပြင်းထန်ထန်နဲ့ ပိုလို့ပိုလို့ဥပဒေမဲ့စွာ အရေးယူနေတာတွေ၊ အတင်းအဓမ္မခိုင်းစေတဲ့ လုပ်အားပေးစီမံချက်တွေကို သူတို့သိချင်မှသိပါလိမ့်မယ်။

အဓမ္မလုပ်အားပေးစီမံချက်တွေမှာ ယောကျ်ား၊ မိန်းမနဲ့ကလေးတွေဟာ မညာမတာအလုပ်တာဝန်ချထားတဲ့ ကြီးကြပ်သူတွေရဲ့ လက်အောက်မှာ ငွေကြေးတပြားတချပ်မှ မရဘဲ ပင်ပန်းကြီးစွာရက်ရှည်လများ အလုပ်လုပ်နေရတာတွေဟာ ဒုတိယကမ္ဘာစစ်အတွင်းက နာမည်ဆိုးနဲ့ကျော်ကြားတဲ့ သေမင်းတမန်ရ ထားလမ်းဖောက်စဉ်တုန်းက မြင်ကွင်းမျိုး၊ အတွေ့အကြုံမျိုးကို ပြန်လည်အမှတ်ရခံစားမိစေပါတယ်။

ပါးလှပါတယ်၊နပ်လှပါတယ်၊အခွင့်အရေးကောင်းတွေကိုမြင်တဲ့ နေရာမှာ မျက်စိရှင်လှပါတယ်ဆိုကာ ဂုဏ်ယူဝင့်ကြွားနေတဲ့ သူတွေဟာ ကျမတို့နိုင်ငံမှာ အကျင့်စာရိတ္တနဲ့ တွေးခေါ်သိမြင်နိုင်စွမ်းအားတွေကို ယုတ်လျော့အားနည်းအောင် လုပ်ရာက ကျမတို့နိုင်ငံရဲ့စီးပွားရေးတိုးတက်လာနိုင်မယ့် စွမ်းအားတွေကိုပါ ယုတ်လျော့အောင်လုပ်နေတဲ့ စနစ်ရဲ့ အကျည်းတန်တဲ့ လက္ခဏာတွေကို မြင်အောင်မကြည့်နိုင်တာကတော့ အံ့သြစရာပါပဲ။

စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ကျမတို့နိုင်ငံအတွင်းမှာ နိုင်ငံရေးအကျဉ်းသားတွေ ဘယ်လောက်ရှိနေသလဲဆိုတာကို ဂရုမစိုက်ရင်တောင်မှ ထိရောက်တဲ့ တရားဥပဒေဆိုင်ရာ အခြေခံတွေ အားနည်းနေခြင်းဟာ မျှတတဲ့စီးပွားရေးလုပ်ဆောင်မှုတွေ ဒါမှမဟုတ် တရားမမျှတမှုပေါ်ပေါက်တဲ့အခါ လျော်ကြေးရရှိရေးအတွက် ဘာမှအာမခံချက်မရှိနိုင်ဘူးဆိုတာကိုတော့ အနည်းဆုံးထည့်စဉ်းစားသင့်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေဟာ ကျမတို့ရဲ့ ကျန်းမာရေးနဲ့ ပညာရေးအဆင့်

စာမျက်နှာ ၅ သို့

အတန်း ကျဆင်းနေတယ်ဆိုတာကို ဂရုမစိုက်ရင်တောင်မှ ကျန်းမာပြီး ပညာတတ်တဲ့ လုပ်သားအင်အားမရှိရင် စိတ်ချရတဲ့ စီးပွားရေးဖွံ့ဖြိုးမှုမရမှာ သေချာတယ်ဆိုတာကိုတော့ ထည့်စဉ်းစားသင့်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေဟာ ပြည်သူလူထုရဲ့ကောင်းကျိုးချမ်းသာကို သိပ်အာရုံမစိုက်တဲ့ စနစ်ရဲ့ အခက်အခဲကြားမှာ ကျမတို့ရုန်းကန်နေရတယ်ဆိုတာကို ဂရုမစိုက်ရင် တောင်မှလိုအပ်တဲ့ စီးပွားရေးအခြေခံအဆောက် အအုံချို့တဲ့ပြီး လစာမလုံလောက်လို့ လာဘ်ပေးလာဘ်ယူထူပြောတဲ့ ဝန်ထမ်း ယန္တရားဟာ သွက်သွက် လက်လက်ထက်ထက် မြက်မြက်လုပ်ငန်းလုပ်ကိုင် နိုင်ရေးကို အနှောင့်အယှက်ပေးတယ်ဆိုတာ ထည့်စဉ်းစားသင့်ပါတယ်။

စီးပွားရေးလုပ်ငန်းရှင်တွေဟာ ကျမတို့အလုပ်သမားတွေခေါင်းပုံဖြတ်ခံရဖို့ အခြေရောက်နေတယ်ဆိုတာကို ဂရုမစိုက်ရင်တောင်မှ မကျေနပ်တဲ့ လုပ်သားထုဟာ တနေ့မှာ လူမှုရေးနဲ့ စီးပွားရေးမငြိမ်သက်မှုဖြစ်စေလိမ့်မယ်ဆိုတာ ထည့်စဉ်းစားသင့်ပါတယ်။

ကိုယ်တိုင် ပိုမိုတိုးတက်ချမ်းသာလာဖို့ ရည်ရွယ်ချက်နဲ့ မြန်မာပြည်ကိုလာကြတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို လေ့လာသုံးသပ်ကြည့်မယ်ဆိုရင် သစ်သီးခြံကြီးတခုမှာ ခရာပန်းလှပတဲ့ အပွင့်တွေကိုတပ်မက်တာနဲ့ ခြံဘေးဖြတ်သွားသူတွေက တရကြမ်းခူးယူနေတဲ့ပုံမြင်ရသလိုပါပဲ။ ဒီလိုကြမ်းတမ်စွာခူးယူသွားတဲ့အတွက် ကျိုးပဲ့ပျက်စီးပြီး ကျန်ခဲ့ တဲ့ အကျည်းတန်လှတဲ့ အကိုင်းအခက်တွေကို သူတို့မမြင်ပါဘူး။ သူတို့ရဲ့အပြုအမူတွေဟာအနာဂတ်မှာအသီးတွေဝေဝေဆာဆာနဲ့သီးစေနိုင်ဖို့ကိုကြီးစွာအန္တရာယ်ပြုနေတယ်၊ သစ်ပင်ပိုင်ရှင်တွေကိုတရားမမျှတမှု ပြုမူနေတယ်ဆိုတာကို သူတို့သတိမပြုမိပါဘူး။

ဒီလိုဖျက်ဆီးနေကြတဲ့သူတွေထဲမှာ ဂျပန်နိုင်ငံက ကုမ္ပဏီကြီးတွေလည်းပါပါတယ်။ဒါပေမဲ့သူတို့တတွေဟာဂျပန်ရဲ့အကောင်းဆုံးဆိုတာတွေကို ကိုယ်စားမပြုပါဘူး။ ကျမ ဂျပန်လူမျိုးအဖွဲ့တွေနဲ့တွေ့ဆုံဖူးပါတယ်။ အဲဒီအဖွဲ့တွေထဲမှာပါတဲ့ ဂျပန်လူကြီး လူငယ်တွေဟာ ကျမတို့နိုင်ငံအတွင်းက အဖြစ်အပျက်အမှန်တွေကို ကိုယ်တိုင်ရာဖွေလေ့လာဖို့ အင်မတန် စိတ်အားထက်သန်နေကြပါတယ်။ သူတို့တ တွေဟာ ဘယ်အလှကိုပဲဖြစ်ဖြစ်၊ အကျည်းတန်ကိုပဲဖြစ်ဖြစ်ဖြောင့်မတ်မှန်ကန်စွာကြည့်ဖို့ အမြဲပြင်ထားပါတယ်။

ကျမရဲ့နေအိမ်ခြံတံခါးအပြင်မှာပြုလုပ်တဲ့သီတင်းပတ်ကုန်ရက် ပြည်သူလူထုနဲ့တွေ့ဆုံပွဲတွေမှာဂျပန်လူမျိုးအတော်အသင့်ဟာချစ်တောက်ပူနေတဲ့ နေရောင်အောက်မှာထိုင်ပြီး ဗမာစကားကို နားမလည်ပေမယ့်လည်း သေသေချာချာ စူးစူးစိုက်စိုက်ယဉ်ယဉ် ကျေးကျေးနဲ့ အာရုံအပြည့်ထားပြီး အမြဲလိုလို အကဲခတ်နားထောင်ကြပါတယ်။ တွေ့ဆုံပွဲပြီးတော့ သူတို့တတွေ ကျမဆီလာပြီး ဂျပန်ဘာသာနဲ့ ganbatte kudasai (ကြိုးစားပါလို့ အဓိပ္ပာယ်ရပါတယ်)လို့ပြောပါတယ်။

ကျမတို့ရဲ့လှုပ်ရှားမှုကြီးကို ကိုယ်ကျင့်တရားအားဖြင့် ဘယ်အရာ တွေဟာ လှပတဲ့အရာတွေဖြစ်တယ်၊ ဘယ်အရာတွေဟာ အကျည်းတန်တဲ့ အရာတွေဖြစ်တယ်ဆိုတာကို ကောင်းစွာခွဲခြားသိမြင်ကြတဲ့ ဂျပန်လူမျိုးတွေက ထောက်ခံအားပေးနေတယ်ဆိုတာကို သိလိုက်ရတော့ ကျမအနေနဲ့ အားအင်တွေပိုပြီး ရှိလာပါတယ်။

စာပေလွတ်လပ်ခွင့်အတွက် Pen Myanmar ဖွဲ့စည်းဖို့ ပြင်ဆင်

DVB၊ အောက်တိုဘာ ၂၂ ။ ။ မြန်မာနိုင်ငံက စာရေးဆရာတွေနဲ့ Pen Myanmar ဖွဲ့စည်းဖို့ ပြင်ဆင်နေပါတယ်။

ကမ္ဘာ့နိုင်ငံပေါင်း ၁၀၁ နိုင်ငံမှာ ဖွဲ့စည်းထားတဲ့ Pen Internati onal ရဲ့ ဂုဇ ကြိမ်မြောက်ညီလာခံမှာ Pen အဖွဲ့ဝင်များရဲ့ ထောက်ခံမှုဖြင့် စက်တင်ဘာ ၁၂ ရက်နေ့က Pen Myanmar ကို ဖွဲ့စည်းဖို့အတွက် ခွင့်ပြုချက်ရရှိခဲ့တာဖြစ်ပါတယ်။

မြန်မာနိုင်ငံ တနိုင်ငံလုံးမှာ ပါဝင်တဲ့ စာရေးဆရာတွေနဲ့အတူ နိုဝင်ဘာ ၂၇ ရက် (အမျိုးသားနေ့) မှာ Pen Myanmar ညီလာခံတခုပြုလုပ်ပြီး ဒါရိုက်တာဘုတ်အဖွဲ့တခု ရွေးချယ်ဖို့ ပြုလုပ်ထားကြောင်း သိရှိရပါတယ်။

လုပ်ငန်းကော်မတီတွေကို ဖွဲ့စည်းမှာဖြစ်ပြီး ဘာသာပြန်နဲ့ ဘာသာစကားဆိုင်ရာ ကော်မတီ၊ အမျိုးသမီးစာရေးဆရာ ကော်မတီ၊ ငြိမ်းချမ်းရေးအတွက် စာရေးဆရာများကော်မတီနဲ့ ထောင်တွင်းစာရေးဆရာများကော်မတီ စတဲ့ ကော်မတီ ၄ ရပ် ဖွဲ့စည်းပါရှိမယ်လို့ သိရပါတယ်။ Pen Myanmar ဖွဲ့စည်းရတဲ့ ရည်ရွယ်ချက်ကို စာရေးဆရာမျိုးမြင့်ညိမ်းက အခုလို ပြောဆိုပါတယ်။

"မြန်မာနိုင်ငံမှာ လွတ်လပ်စွာရေးသားခွင့်နဲ့ လွတ်လပ်စွာထုတ်ဖော်ခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်တွေ ကင်းဝေးနေတာကြာပြီ။ အဲဒါတွေ ကျနော်တို့မှာ ကင်းဝေးနေတာကြာပြီ။ အဲဒါတွေ လုပ်ဖို့အတွက် အခွင့်အလမ်းတွေ ရလာတဲ့အခါ ဆောင်ရွက်မယ်။

နောက်တခါမြန်မာနိုင်ငံမှာ သစ်လွင်တဲ့စာပေယဉ်ကျေးမှုတရပ်ဖြစ်ပေါ်ရေးဆိုတာကို ရည်မှန်းထားတာ ရှိပါတယ်။ ကျောင်းပညာရေးနဲ့ ရသစာပေ ပူးပေါင်းဆက်စပ်ဖို့အတွက် အဲဒါကို ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ထားတယ်။ အဓိကတော့ အဲဒီအချက် ၃ ချက်ပါပဲ။"

စာပေလွတ်လပ်ခွင့်အတွက် ပြင်ဆင်ထားတဲ့ အဖွဲ့အစည်းတခုဖြစ်တယ်လို့ ဆရာ မျိုးမြင့်ညိမ်းက ပြောပါတယ်။

"လွတ်လပ်စွာရေးသားခွင့်အတွက် ကျနော်တို့ချည်းပဲ တိုက်ပွဲဝင်လို့ မရနိုင်သေးတဲ့အချိန်မှာ နိုင်ငံတကာရဲ့အားတွေ ယူရတာတွေ ရှိပါလိမ့်မယ်။ အဲဒီအခါကျရင် ဒါတွေက ကျနော်တို့အတွက် အားတွေဖြစ်လာပါလိမ့်မယ်။ တကယ်တမ်း ပြောမယ်ဆိုရင် စာပေ လွတ်လပ်ခွင့်အတွက် ပြင်ဆင်ထားတဲ့အဖွဲ့အစည်းတခုပါ။"

အယ်ဒီတာရှိတဲ့ သတင်းစာမျက်နှာပေါ်တွေမှာ ဖြတ်သန်းပြီး အယ်ဒီတာရဲ့ တည်းဖြတ်မှုကို ခံယူထားတဲ့စာမျိုးကို ရေးတဲ့ စာရေးဆရာအားလုံး Pen Myanmar အဖွဲ့ဝင်အဖြစ် လက်ခံမယ်လို့ ဆရာ မျိုးမြင့်ညိမ်းက ဆက်လက်ပြောဆိုပြီး Pen Myanmar အဖွဲ့ဝင်အဖြစ် လျှောက်လာတဲ့ စာရေးဆရာတွေကို နိုဝင်ဘာလတွင် ပြုလုပ်မယ့်နိုင်ငံလုံးဆိုင်ရာညီလာခံမှ လျှောက်လွှာတွေကို ဘုတ်အဖွဲ့ ဖွဲ့ပြီးမှ ရွေးချယ်မည်ဖြစ်ကြောင်း သိရှိပါတယ်။

ဦးဝင်းတင်ရဲ့ ခေတ်စကား

ဟံသာဝတီ ဦးဝင်းတင်

သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်ရဲ့ အပတ်စဉ် စီစဉ်တင်ဆက်နေတဲ့ ခေတ်စကားအစီအစဉ်မှာ အခုတပတ်မှာတော့ မြန်မာနိုင်ငံမှာ ဆင်းရဲသားလူတန်းစားတွေ အစားအစာရိက္ခာပြဿနာ ကြုံနေတဲ့အကြောင်းကို တင်ပြပြောထားပါတယ်။

ကျနော်ဒီအပတ်တော့ ပြောချင်တဲ့စကားကတော့ နည်းနည်း ခပ်ဆန်းဆန်းဘဲဗျ။ ထမင်းအကြောင်းပေါ့ဗျာ၊ ထမင်းအကြောင်း အိုး အကြောင်း ပုဂံအကြောင်း ဆိုတဲ့ဟာတွေဘဲ ကျနော်ပြောချင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ခေတ်စကားဟာ အဲဒီကိစ္စတွေနဲ့ ပတ်သက်နေတာ ဖြစ်နေတယ်ဗျ။ ဖြစ်တဲ့အကြောင်းကဒီလို အခုဟာ ကဘယ်လိုဖြစ်သလဲဆိုတော့ ခင်ဗျားတို့လည်းကြားမှာဘဲဗျာ၊ ဥပမာ ဆိုပါတော့ အစိုးရရဲ့ လယ်ယာချေးငွေတွေနဲ့ပတ်သက်ပြီးတော့ ဆပ်နိုင်တာဆပ်ဖို့ ဟာလုပ်တဲ့အခါမှာ လယ်ယာနဲ့သစ်တောဝန်ကြီးကနေပြီးတော့ ဘာပြောလဲဆိုတော့ လယ်သမားတွေ ထမင်းတစ်နပ် လျော့စားပါဆိုတဲ့ စကားမျိုးပြောတယ်။

ပြောတဲ့အခါကျတော့ အဲဒီစကားဟာ တော်တော်ကိုဂယက်ရိုက်တယ်ဗျ၊ လယ်သမားတွေကပြောတာကတော့ ဝန်ကြီးကနေပြီးတော့ ထမင်းတစ်နပ်လျော့စားပါဆိုတော့ ကျနော်တို့က မစားနိုင်ဘူးတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့က ထမင်း သုံးနပ်စားတဲ့လူတွေ၊ အလုပ်သမားတွေရော၊ လယ်ယာလုပ်တဲ့အလုပ်သမားတွေ၊ ဒီအလုပ်သမားတွေဟာ တစ်နေ့ကို သုံးနပ်စာနေရာကနေ အခုဟာ နှစ်နပ်ဘဲ စားနိုင်တော့တယ်။

အဲဒီထဲမှာ ထပ်ပြီးတော့ ဝန်ကြီးကနေပြီးတော့ အကျွေးဆပ်ဖို့ တစ်နပ်စားပါဆိုရင်တော့ မဖြစ်ဘူးတဲ့၊ အဲဒါနဲ့ပတ်သက်ပြီးတော့ အကုန်လုံးပေါ့ဗျာ စာနယ်ဇင်းတွေမှာလည်း ဝေဖန်ကြ ပြုကြ ဒီလိုဟာမျိုးတွေရှိတယ်။ အဲဒီတော့ ဒီလိုအနေအထားမျိုးတွေမှာ ဘယ်လိုပြောချင်သလဲဆိုတော့ ဒီနေ့ ခေတ်စကားဟာ တိုင်းပြည်မှာ ထမင်းကိစ္စဖြစ်လာတယ်ဗျ။ စားရေးသောက်ရေး လူတွေရဲ့ထမင်းကိစ္စ ဝမ်းရေးကိစ္စ ဒီလိုကို စွတ်ဖြစ်လာတယ်။

အဲဒီတော့ အဲဒီလိုဖြစ်တဲ့အနေအထားမှာ ဘာတွေတွေ့လာရသလဲဆိုတော့ မကြာခင်တုန်းကကျင်းပတဲ့ ကမ္ဘာ့ရိပ်ကွာနေမှာ ဝန်ကြီးဦးစိုးသိန်းဆိုတဲ့ ပုဂ္ဂိုလ်ကနေပြီးပြောတယ်၊ ဒီပြည်သူတွေရဲ့လိုအပ်ချက်တွေကို လျော့ချပါတဲ့၊ ဆိုလိုတာကတော့ တိုင်းသူပြည်သားတွေက တောင်းဆိုတာတွေက အများကြီးများတယ်ပေါ့ဗျာ၊ ဥပမာဆိုပါတော့ ရိက္ခာမလုံလောက်ဘူးတို့၊ သို့မဟုတ်လို့ရှိရင်လည်း လုပ်ခကျေးငွေမလုံလောက်ဘူးတို့၊ ဆိုတာမျိုးတွေ အများကြီးပြောဆိုလာတဲ့အခါကျတော့ ဝန်ကြီးလုပ်တဲ့လူက ပြည်သူတွေရဲ့ တောင်းဆိုချက်တွေ လိုအပ်ချက်တွေကို လျော့ချပါဆိုတဲ့ စကားမျိုးတွေပြောလာတယ်။

အဲလိုပြောခြင်းဟာ ဘာနဲ့တူလည်းဆိုရင် တိုင်းသူပြည်သားတွေကနေပြီးတော့ရင် တောင်းဆိုချက်တွေ သိပ်မလုပ်ပါနဲ့ ခင်ဗျားတို့ တောင်းဆိုတာတွေ လျော့ပြောပါ၊ အဓိပ္ပါယ်ကတော့ ဘာလဲဆိုတော့ ဝန်ကြီးပြောတဲ့ ထမင်းတစ်နပ်လျော့စားပါဆိုတဲ့ စကားနဲ့ ထပ်တူထပ်မျှ ဖြစ်နေတယ်ဗျ။

အဲဒီဟာနဲ့အတူဘဲ ကျနော်တို့ အလုပ်သမားဘက်ကို ကြည့်မယ်ဆိုရင် မကြာခင်တုန်းက အလုပ်သမားတွေရဲ့ ဆန္ဒပြပွဲတစ်ခုမှာ ဖြစ်တယ်၊ အဲဒီညွှန်ကြားရေးမှူးလုပ်တဲ့လူက ဘာပြောလဲဆိုတော့ ဗမာပြည်မှာတဲ့ အလုပ်သမားတွေကလျှောက်ပြီးတော့ လုပ်ခကြေးငွေတွေ သာတိုးတောင်း နေတာတဲ့၊ တကယ်ဆိုလို့ရှိရင်တဲ့ ထမင်းတစ်နပ်ကို ငွေ ၂၀၀ နဲ့စားမယ်ဆိုရင် ဖွယ်ဖွယ်ရာရာကို စားနိုင်ပါတယ်ဆိုတဲ့ စကားမျိုးကိုပြောတယ်။

ဆိုတော့ အဲဒါနဲ့ပတ်သက်လို့လည်း အထဲမှာ တော်တော်ဆူပွက်ပြီးတော့ အလုပ်သမားတွေကနေပြီးတော့ ဝန်ကြီး ၂၀၀ နဲ့စားလို့ ရတယ်ဆိုတာ ဘယ်မှာစားလို့ရမလဲ၊ ထမင်းတစ်နပ်ကို ငွေ ၂၀၀ နဲ့ စားဖို့ မလွယ်ဘူး၊ ဒါပေမယ့် အဲဒီလို ရတယ်ဆိုရင်တောင်မှ ကျနော်တို့က ငွေ ၂၀၀ ဘိုးမသုံးနိုင်ဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ ကျနော်တို့ရတဲ့ တစ်နေ့လုံးလုပ်ခကိုက ၇၀၀ လောက်ဘဲရတယ်၊ အဲဒီ ၇၀၀ ကိုတောင်မှ ဒီလိုပြည့်စုံအောင်မရဘူးပေါ့ဗျာ။ အဲဒီထဲမှာထပ်ပြီးတော့ ထမင်းဘိုးကို ကျနော်တို့က ၂၀၀ ဘိုးသုံးရမယ်ဆိုရင်တောင်မှ ကျနော်တို့အိမ်အတွက် စားဖို့သောက်ဖို့ သားသမီးစရိတ်၊ ပညာရေးစရိတ် ဆိုတာတွေ ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတဲ့ ဟာမျိုးတွေ ဆူပွက်သွားတယ်။

အဲဒီတော့ ဒီလိုအချိန်မျိုးမှာဘဲ ကျနော်တို့ဘာတွေထပ်ပြီး သတင်းတွေက ထပ်ပြီးပြန်လဲဆိုတော့ ဥပမာ ရခိုင်မှာဆိုလို့ရှိရင် ရိက္ခာမလုံလောက်ဘူး၊ လူတွေဟာ သုံးပုံတစ်ပုံလောက်ဟာ စားနပ်ရိက္ခာမလုံလောက်ဘူး၊ ထမင်းကို ဝ အောင်မစားဘူးဆိုတဲ့ အသံမျိုးတွေ ရခိုင်ဘက်ကထွက်လာတယ်။

အဲဒီဟာနဲ့အတူဘဲ ကျနော်တို့ ကချင်ပြည်နယ်မှာဆိုလို့ရှိရင် ကချင်ပြည်နယ်ဘက်၊ နောက်တခါ ရှမ်းပြည်မြောက်ပိုင်းတို့ဘာတို့ စားနပ်ရိက္ခာတွေမလုံလောက်ဘူး၊ လူတွေဒုက္ခရောက်နေတယ်၊ ထမင်းငတ်တော့မယ် ဆိုတဲ့အပြောမျိုးတွေ အများကြီး ပေါ်ပေါက်လာတဲ့အခါကျတော့ ဒီလိုဟာမျိုးတွေဖြစ်လာတဲ့အချိန်မှာ အစိုးရအနေနဲ့ တိုင်းသူပြည်သားအနေနဲ့ရော ရှိသမျှ နိုင်ငံရေးအဖွဲ့အစည်းတွေအနေနဲ့ရော စဉ်းစားစရာဖြစ်လာတာက ကျနော်တို့ရဲ့ တိုင်းပြည်ရဲ့အခြေအနေဟာ တကယ်ကို ရိက္ခာနဲ့ပတ်သက်ပြီး လုံခြုံမှုရှိရဲ့လား၊ ဖူလုံမှုရှိရဲ့လား၊ ပြည့်စုံမှုရှိရဲ့လား၊ ဒီအတိုင်းဆိုလို့ရှိရင် ကျနော်တို့က လူဦးရေတိုးတော့မယ်လို့ သူတို့ပြောနေကြတယ်ပေါ့ဗျာ။ လူဦးရေတိုးမယ်ဆိုလို့ရှိရင် အဲဒီလူဦးရေအတွက်ကို ကာဖို့ ရိက္ခာဖူလုံမှု၊ ရိက္ခာပြည့်စုံမှု၊ ရိက္ခာလုံခြုံမှု ရှိရဲ့လား ဆိုတဲ့ဟာ မေးခွန်းတွေ အများကြီး ထွက်လာတယ်ပေါ့ဗျာ။

ဒီအထဲမှာ အခု မကြာခင်တုန်းကကျင်းပတဲ့ ကမ္ဘာ့ရိက္ခာနေ့မှာ ဆိုလို့ရှိရင် ဒုတိယသမ္မတကပြောသွားတယ်၊ ကျနော်တို့တိုင်းပြည်ဟာ ရိက္ခာအခု ဖူလုံပါတယ်၊ ပြည့်စုံပါတယ်ပေါ့ဗျာ။ နောက်ပြီးတော့ ဗမာပြည်ဟာဆိုလို့ရှိရင် ဆန်စပါးပို့တဲ့နေရာမှာ နံပါတ်တစ်နေရာတောင် ပြန်တက်လှမ်းမယ်ဆိုတဲ့ အပြောမျိုးတွေ အများကြီးပါလာတယ်။ သို့သော် တိုင်းပြည်မှာ တကယ်ကို ပြည့်စုံတဲ့အနေအထားရှိသလား၊ ဘာဖြစ်လို့လည်းဆိုတော့ ရေ၊ မီးတို့ဘာတို့က ဘယ်လောက်ဘဲပြောနေ နေတခြားပုဂ္ဂိုလ်များ အပြောရဆိုလို့ရှိရင်တော့ ကျနော်တို့တိုင်းပြည်မှာ ရှိနေတဲ့ လယ်ယာမြေအနေအထားမျိုးတွေ ပြုပြင်မှုတွေ မလုပ်နိုင်ဘူးဆိုလို့ရှိရင် ကျနော်တို့ပြည်ရဲ့အနေအထားဟာ လာမယ့် ကာလအတွင်းမှာ ရိက္ခာတွေဟာ ရိက္ခာပြည့်စုံတဲ့အနေအထားတွေ ရောက်နိုင်မှာ မဟုတ်ဘူးဆိုတဲ့ အပြောအဆိုမျိုးတွေ ရှိနေတယ်။

စာမျက်နှာ ၇ သို့

အဲဒီတော့ ဒုတိယသမ္မတပြောသွားတဲ့ စကားထဲမှာဘဲ ဘာပါလဲဆိုတော့ ကမ္ဘာမှာ လူဦးရေ သန်းပေါင်း ၈၀၀ ကျော်ဟာ ရိက္ခာ မပြည့်စုံဘူးဆိုတာတွေ ပြောတယ်၊ ဗမာပြည်နဲ့ပတ်သက်လို့တော့ ဘာမှမပြောပေမယ်လို့ ဗမာပြည်လူဦးရေဟာ လာမယ့် ၂၀၅၀ ပေါ့ဗျာ၊ ၂၀၅၀ ဆိုတာ ဆိုပါတော့ လာမယ့် နှစ် နှစ်ဆယ်ကျော်လောက် သုံး ဆယ်လောက် တိုင်းပြည်မှာ လူဦးရေဟာ သန်း ၁၀၀ လောက်ဖြစ်ပြီဘဲ၊ သန်း ၁၀၀ လောက်ဖြစ်မယ်ဆိုရင်တော့ ရိက္ခာဖူလုံရေးအတွက်က အရေးကြီးတဲ့အနေအထားကိုရောက်မယ်။

ဆိုတဲ့အခါကျတော့ ကျနော်တို့ဟာ ကျနော်တို့ဒီခေတ်မှာ ကျနော်တို့ကြုံတွေ့နေတဲ့ခေတ် ကျနော်တို့ဖြတ်သန်းနေတဲ့ခေတ်မှာ ကျနော်တို့ ငတ်မွတ်ခေါင်းပါးခြင်းတို့၊ တိုင်းပြည်မှာ ထမင်းမဝခြင်းတို့၊ ဆန်ရေစပါး ရှားပါးခြင်းတို့ ဆိုတဲ့ပြဿနာတွေ ရှိကောင်းမှရှိမယ်လို့ ဆိုသော်ငြားလည်း ကျနော်တို့ရဲ့ သား သမီးတွေ၊ မြေးတွေ၊ လက်ထက် ကျရင်တော့ အငတ်ဘေးတောင် ကြုံနိုင်တဲ့အနေအထားမျိုး ရှိနေတယ်။

အဲဒီလိုအချိန်မျိုးမှာ တိုင်းပြည်မှာ လယ်ယာမြေနဲ့ပတ်သက်ပြီး ပြဿနာတွေအကြီးအကျယ်ပေါ်နေမယ်၊ လယ်ယာမြေတွေကို သူတို့ မြေ ကြေးအပါအဝင်ပေါ့ဗျာ၊ စစ်တပ်အပါအဝင်၊ အစိုးရအရာရှိတွေအပါအဝင်၊ အစိုးရနဲ့ပေါင်းသင်းလုပ်ကိုင်နေတဲ့ ကုမ္ပဏီတွေ ဘာတွေအပါအဝင်က ဒီမြေတွေကို သိမ်း ချေး လုပ်တဲ့အခါကျတော့ လယ်ယာစိုက်ပျိုးရေးနဲ့ပတ်သက်လို့လည်း ကျနော်တို့မှာ အခက်အခဲ အကျပ်အတည်းတွေ အများကြီးပေါ်နေပြီ၊ အဲလို လယ်ယာမြေ အကျပ်အတည်းဟာ ဆန်စပါးထုတ်လုပ်မှုနဲ့သွားပြီးတော့ ပတ်သက်နေမယ်၊ သီးနှံတွေထုတ်လုပ်မှုနဲ့ ပဲ၊ ပြောင်း စသည်ဖြင့် ဒါတွေထုတ်လုပ်မှုနဲ့ ပတ်သက်ပြီးတော့ အကျိုးသက်ရောက်မှုတွေ အများကြီးရှိမယ်။

အဲဒီလိုသာရှိမယ်ဆိုလို့ရှိရင် တိုင်းပြည်မှာ လယ်ယာကုန်ထုတ်လုပ်မှုတွေ လျော့ပါးမယ်ဆိုလို့ရှိရင် လူဦးရေက တိုးတာနဲ့ဆိုလို့ရှိရင် ကျနော်တို့ဟာ ကျနော်တို့တိုင်းပြည်မှာ မကြာခင်သောကာလအတွင်းမှာ အငတ်ဘေးတို့၊ ရိက္ခာမဖူလုံမှုပြဿနာတို့ နောက်တခါ ရိက္ခာနဲ့ပတ်သက်ပြီး လုံခြုံမှုမရှိတဲ့အနေအထားမျိုးတွေပေါ်နေတာ ကျနော်တို့က ဆိုးတယ်။

အဲဒီတော့ လူဦးရေအတိုးကျလည်း ကျနော်တို့ပြောလို့မရဘူး၊ အခု ကျနော်တို့မှန်းတာတော့ သန်း ၆၀ လောက်ရှိတယ်လို့ သူတို့မှန်းပေမယ်လို့ တကယ်က ပြောရရင် သန်း ၆၀ ထက်ပိုနေတာလား၊ ဒါလည်း ကျနော်တို့ စဉ်းစားရမယ့်အနေအထားမျိုး၊ လူဦးရေ သန်းခေါင်စာရင်းတို့ဘာတို့မှာ လွန်ခဲ့တဲ့ လေး ငါးဆယ်နှစ်ကျော်က ကောက်ထားတာဆိုတော့ အဲဒီတုန်းကရှိခဲ့တဲ့စာရင်းတွေကရော ပြည့်စုံလုံလောက်ရဲ့လား၊ မှန်ကန်ရဲ့လား၊ ဒါလည်း ကျနော်တို့စဉ်းစားစရာဘဲ။

အဲဒါနဲ့အတားဘဲ ကျနော်တို့ရဲ့ လယ်ယာမြေနဲ့ပတ်သက်လို့လည်း ပြန်ပြီးတော့ အခု လယ်ယာမြေတွေ သိမ်းကြ၊ ဆည်းကြ၊ လယ်ယာမြေလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ လယ်သမားကို ကူညီမယ် ဘာညာ ပြောတယ်။ ဒါပေမယ့် အဲဒီမှာဝင်ပြီးတော့ တိုင်းပြတဲ့လူတွေက အများကြီးရှိမယ်၊ အဲဒီတော့ မကြာခင်တုန်းက ပုဂ္ဂိုလ်တစ်ယောက် ပြောသွားတဲ့ စကားက အလွန်မှတ်သားစရာကောင်းပါတယ်။

ဘာလို့ဆိုတော့ လယ်သမားထမင်းလုပ်ကိုတော့ ခင်ဗျားတို့ ဝင်ပြီးတော့ လုမနေကြပါနဲ့ ဆိုတဲ့ စကားတွေ၊ ဒါ ငွေရှင် ကြေးရှင်တွေ လုပ်ငန်းရှင်တွေ သို့မဟုတ်လည်း အစိုးရပိုင်းတို့ဘာတို့ဆိုတဲ့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ ပြောတဲ့စကား။

အဲဒီတော့ ကျနော်တို့က ဘာဘဲပြောပြော အခုလက်ရှိအနေအထားအရအကျဉ်းချုပ်ပြီးတော့ ပြောရမယ်ဆိုရင်တော့ ကျနော်တို့မှာ လယ်ယာကုန်ထုတ်လုပ်မှုနဲ့ပတ်သက်ပြီးတော့လည်း စိုးရိမ်စရာကောင်းတဲ့ အနေအထားမှာရောက်နေတယ်၊ နောက်တခါ လူဦးရေတိုးတာကလည်း သေချာနေတယ်၊ လူဦးရေ ဘယ်လောက်တိုးမယ်ဆိုတာတောင်မှ ကျနော်တို့ အတိအကျမသိသေးဘူး။

နောက်တခုက အဲဒါနဲ့တကြိမ်တည်းမှာဘဲ လယ်သမားတွေရဲ့ ထမင်းလုပ်တွေကို သူတို့ ဝင်လုတာတွေရှိနေတယ်။ အဲဒီအချိန်မှာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ ဝန်ကြီးလိုပုဂ္ဂိုလ်မျိုးကိုပါ လယ်သမားတွေရော ဘာတွေရော ထမင်းတစ်နပ်လျော့စားပါလို့ ပြောနေတယ်၊ ကျနော်တို့ တွေခေတ်မှာ မရောက်ဘူးဆိုရင်တောင်မှ သိပ်မဝေးလှတဲ့ကာလ နှစ်ပေါင်း နှစ်ဆယ် အစိတ်ပေါ့၊ အတွင်းမှာကို ကျနော်တို့ နှစ်ပေါင်း နှစ်ဆယ် အစိတ်ဆိုတာ သိပ်ပြီးတော့ ဝေးလံတဲ့ကာလမဟုတ်ဘူးဗျ၊ အဲဒီကာလမှာကို ကျနော်တို့တိုင်းပြည်က ထမင်းအိုးကိစ္စ၊ ဟင်းကိစ္စ၊ အိုးခွက် ပန်းကန် ကိစ္စ၊ အိုးတွေ မှောက်ရမယ့်ကိစ္စ၊ အတွင်းများ ရောက်လာမလားလို့ ကျနော်တို့ စိုးရိမ်နေရတယ်လို့ ကျနော်ပြောချင်ပါတယ်။

ဒီအပတ် ပြောချင်တာ ဒီလောက်ပါဘဲဗျာ။

လေးစားမှုနဲ့ ငြိမ်းချမ်းရေး ဒဲရစ် မစ်ချဲလ်တိုက်တွန်း

RFA ၊ အောက်တိုဘာ ၂၅ ။ ။ တိုင်းရင်းသားမျိုးနွယ်စုတွေ အချင်းချင်း အပြန် အလှန်လေးစားပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့အောင်မြင်အောင် လုပ်ဆောင်ဖို့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်က ဒီနေ့ တိုက်တွန်းပြောကြားလိုက်ပါတယ်။

ကချင်ပြည်နယ်မြစ်ကြီးနားမြို့ကိုရောက်ရှိနေတဲ့အမေရိကန်သံအမတ်ကြီးဟာ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းဥယျာဉ်မှာရှိတဲ့ ကချင်လူမျိုးများရိုးရာ ယဉ်ကျေးမှုဗဟိုကော်မတီက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံချိန်မှာ ခုလိုပြောဆိုခဲ့တာဖြစ်ပါတယ်။

ဒီနေ့ အမေရိကန်သံအမတ်ကြီး Derek Mitchell နဲ့ တွေ့ဆုံဆွေးနွေးခဲ့တဲ့ ကချင်လူမျိုးများ ရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဦးလမြာဝူက RFA ကို အခုလိုပြောပါတယ်။

"ဒီငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးမှ နိုင်ငံတော်အစိုးရ၊ နိုင်ငံတော် သမ္မတနဲ့ တွေ့တဲ့အခါမှာလည်း ပြောပေးဖို့၊ ဒီကချင်ပြည်နယ်အတွက်ပေါ့၊ ငြိမ်းချမ်းရေးရရှိအောင်"

ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်ထဲမှာဖြစ်ပွားခဲ့တဲ့ အစိုးရတပ်နဲ့ ကေအိုင်အေတပ်တွေရဲ့ တိုက်ပွဲနဲ့ပတ်သက်ပြီး အမေရိကန်သံအမတ်ကြီးဟာ နေပြည်တော်မှာ အစိုးရနဲ့ ဆွေးနွေးခဲ့တယ်လို့ပြောပါတယ်။

သံအမတ်ကြီးရဲ့ ဒီခရီးစဉ်အတွင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ ရှမ်းမျိုးနွယ်စုများရေးရာအဖွဲ့၊ ခရစ်ယာန်ဘာသာရေးအဖွဲ့တွေ အပါအဝင် လူမှုအဖွဲ့အစည်းအချို့နဲ့လည်း တွေ့ဆုံဖို့စီစဉ်ထားတယ်လို့သိရပါတယ်။ သံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ် ရဲ့ မြစ်ကြီးနား ခရီးစဉ်ဟာ ဒုတိယမြောက်ခရီးစဉ်ဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲရေးအတွက် အခြေခံဥပဒေအရေးကြီးဟု ဝန်ကြီးချုပ် ကင်မရွန်းဆို

VOA ၊ အောက်တိုဘာ ၂၄ ။ ။ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ဖို့ အရေးကြီးတယ်ဆိုတာကိုလက်ခံတယ်လို့ ယူကေဝန်ကြီးချုပ်က ပြောလိုက်ပါတယ်။ ယူကေမှာ ရောက်ရှိနေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း (David Cameron) တို့ ဗုဒ္ဓဟူးနေ့က တွေ့ဆုံအပြီး ဗြိတိန်အစိုးရ ထုတ်ပြန်တဲ့ ကြေညာချက်ထဲမှာ အခုလို ပြောထားတာ ဖြစ်ပါတယ်။

ရန်ကုန် အထွေထွေဆေးရုံကြီး ပြင်ဆင်ဆောက်လုပ်ရေးအတွက်ကိုလည်း ဗြိတိန်အစိုးရက အကူအညီပေးမယ့်အကြောင်း ကြေညာခဲ့ပါတယ်။ အပြည့်အစုံကို မစုမြတ်မွန်က တင်ပြထားပါတယ်။

ပြင်သစ်နိုင်ငံကနေ ယူကေနိုင်ငံကို ခရီးဆက်လာတဲ့ ဒေါ်အောင်ဆန်းစုကြည် လန်ဒန်မြို့တော်မှာ ဗုဒ္ဓဟူးနေ့က ယူကေအစိုးရခေါင်းဆောင်ပိုင်းအပြင် အတိုက်အခံခေါင်းဆောင်တို့နဲ့ပါတွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံမှုတွေအကြောင်း ခရီးစဉ်မှာပါလာတဲ့ ကိုနိုင်ငံလင်းက ဗွီအိုအေ မြန်မာပိုင်းကို အခုလို ပြောပါတယ်။

"မနက်က ကျနော်တို့ ဒီ ယူကေရဲ့ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနဲ့ တွေ့ပါတယ်။ နောက်ပြီးတော့ ဒုဝန်ကြီးချုပ်နဲ့လည်းတွေ့တယ်။ နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိဂ်နဲ့လည်းတွေ့တယ်။ ညနေဆိုရင် ကျနော်တို့ အတိုက်အခံခေါင်းဆောင် လေဘာပါတီခေါင်းဆောင် အက်မီလီဘန်နဲ့ လည်းတွေ့ပါတယ်။ ကျနော်တို့ ဝန်ကြီးချုပ်နဲ့ တွေ့တဲ့အခါမှာလည်း အရင် မတွေ့ခင်မှာ ကျနော်တို့ ဝန်ကြီးတွေနဲ့လည်း တွေ့ပါတယ်။နောက်လွှတ်တော်အမတ်တွေလည်း ပါတယ်။ ကျနော်တို့ ဝန်ကြီးချုပ်နဲ့တွေ့ပြီးတဲ့အခါမှာ ကျနော်တို့ ဒုဝန်ကြီးချုပ် Nick Clegg နဲ့လည်းတွေ့ပါတယ်။ ကျနော်တို့ မြန်မာနိုင်ငံကို အကူအညီပေးဖို့နဲ့ ရှေ့နိုင်ငံရေးပိုပြီးတော့ ကောင်းမွန်လာအောင် အပြောင်းအလဲတွေ ပိုပြီးကောင်းမွန်လာအောင် အကူအညီ ဝိုင်းပေးဖို့ ပြောတာပါ။"

ဒေါ်အောင်ဆန်းစုကြည်ဟာ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနဲ့ အမှတ် ၁၀ ဒေါင်းနင်းလမ်းမှာ သွားရောက်တွေ့ဆုံခဲ့တာပါ။ ဝန်ကြီးချုပ်ရုံးမှာ မြန်မာနိုင်ငံက ဒီမိုကရေစီအပြောင်းအလဲနဲ့ လူ့အခွင့်အရေး အခြေအနေတွေကို ဆွေးနွေးခဲ့ကြတာမှာ နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိဂ် (William Hague) နိုင်ငံတကာဖွံ့ဖြိုးရေးဝန် ကြီး Justine Greening အပြင်၊ နိုင်ငံခြားရေးရုံးဝန်ကြီး Hugo Swire တို့လည်းပါဝင်ခဲ့ပါတယ်။

ဆွေးနွေးပွဲအပြီး ယူကေအစိုးရရဲ့ ထုတ်ပြန်ချက်ထဲမှာ မြန်မာနိုင်ငံက ပြုပြင်ပြောင်းလဲမှုတွေအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ဖို့ အရေးကြီးတယ်ဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အမြင်ကို ဝန်ကြီးချုပ်ရော သူပါသဘောတူတယ်လို့ နိုင်ငံခြားရေးဝန်ကြီးဝီလျံဟိဂ်ရဲ့ပြောကြားချက်ကို ကိုးကားဖော်ပြထားပါတယ်။ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲဟာ အပြည့်အဝ ဒီမိုကရေစီနည်းလမ်းကျ ရွေးကောက်ပွဲဖြစ်ဖို့ ဖွဲ့စည်းပုံကို ပြင်ဖို့လိုအပ်တယ်လို့ ယူကေ နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိဂ် ကပြောပါတယ်။

ပြီးခဲ့တဲ့နှစ်အတွင်း မြန်မာနိုင်ငံမှာ တကယ့်အပြောင်းအလဲတွေ ဖြစ်လာတာမြင်ခဲ့ရသလို ဒီပြောင်းအလဲတွေကို ဆက်လုပ်သွားဖို့အရေးကြီးတယ်ဆိုတာကိုလည်းထုတ်ပြန်ချက်ထဲမှာမစ္စတာဟိဂ်ကပြောထားပါတယ်။

မြန်မာနိုင်ငံက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ယူကေအစိုးရရဲ့ နိုင်ငံတကာဖွံ့ဖြိုးရေးဌာနက အကူအညီတွေ ဆက်ပြီးပေးသွားမယ်ဆိုတာကိုလည်း ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံက ကျန်းမာရေးနဲ့ ပညာရေးပိုင်းမှာ တိုးတက်စေဖို့အပါအဝင် မြန်မာနိုင်ငံအတွက် စတာလင်ပေါင် သန်း ၅၀ ကျော် သုံးစွဲဖို့ အာမခံထားတယ်လို့ နိုင်ငံတကာဖွံ့ဖြိုးရေးဝန်ကြီး Justine Greening ကပြောပါတယ်။

ပြည်သူတွေကို ဆင်းရဲတွင်းကနေ ဆွဲထုတ်နိုင်မဲ့ တာဝန်သိရင်းနှီးမြှုပ်နှံမှုတွေလုပ်ကြဖို့ ကုမ္ပဏီတွေကို ထောက်ပံ့ကူညီမှုတွေပေးနေတယ်လို့ ဝန်ကြီး Greening က ပြောပါတယ်။ ရန်ကုန်ပြည်သူ့ ဆေးရုံကြီးကို ပြင်ဆင်ဆောက်လုပ်ရေးမှာ ယူကေအစိုးရကအကူအညီပေးသွားမယ့်အကြောင်းလဲ ယူကေအစိုးရက အသိပေးထုတ်ပြန်ပါတယ်။

မြန်မာနိုင်ငံမှာ အအိုဟောင်းဆုံး ဆေးရုံတခုဖြစ်တဲ့ ရန်ကုန်ဆေးရုံကြီး ပြင်ဆင်ဆောက်လုပ်ရေးအတွက် အဖွဲ့တဖွဲ့ကို ငွေကြေးထောက်ပံ့ပြီး ပြင်ဆင်ဖို့လိုအပ်တာတွေသုံးသပ်စီစဉ်ဖို့ကိစ္စကို ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံတကာဖွံ့ဖြိုးရေးဝန်ကြီး Justine Greening တို့ ဆွေးနွေးခဲ့ကြတာပါ။

ရန်ကုန်ဆေးရုံကြီးပြင်ဆင်ရေးအတွက်ဒေါ်အောင်ဆန်းစုကြည်ရဲ့ကြိုးပမ်းမှုကို ထောက်ခံသွားမှာဖြစ်သလို၊ မြန်မာနိုင်ငံက ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကျယ်ပြန့်တဲ့ ပြုပြင်ပြောင်းလဲမှုတွေအတွက်ကိုလည်း ထောက်ခံသွားမှာဖြစ်တယ်လို့ ဝန်ကြီး Greening ရဲ့ ပြောကြားချက်ကို ယူကေအစိုးရ ထုတ်ပြန်ချက်မှာ ကိုးကားဖော်ပြထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ဗုဒ္ဓဟူးနေ့ အစောပိုင်းတုန်းကတော့ အိမ်ရှေ့မင်းသား Charles နဲ့ ကြင်ယာတော် Camilla တို့ကို Clarence House မှာသွားရောက် တွေ့ဆုံခဲ့ပါတယ်။ လန်ဒန်မြို့တော် ခရီးစဉ်အတွင်း အတိုက်အခံ လေဘာပါတီ ခေါင်းဆောင် Ed Miliband နဲ့လည်း ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီကနေ့ ကြာသပတေးနေ့မှာတော့ မြောက်ပိုင်း အိုင်ယာလန်က Belfast မြို့ကို ခရီးဆက်ပါလိမ့်မယ်။ မြောက်ပိုင်းအိုင်ယာလန် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေကို လေ့လာမှာဖြစ်ပါတယ်။ သောကြာနေ့ကျရင် Sandhurst တော်ဝင်စစ်တက္ကသိုလ်ကို သွားရောက်လေ့လာမှာဖြစ်ပြီး ဗိုလ်လောင်းတွေကို ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားမှာ ဖြစ်ပါတယ်။

အခုခရီးစဉ်ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ တတိယမြောက် ဥရောပခရီးစဉ် ဖြစ်ပါတယ်။ ယူကေကို မလာခင်မှာ Belgium, Luxemburg နဲ့ပြင်သစ်နိုင်ငံတွေကို သွားရောက်ခဲ့ပြီး ဥရောပ ကော်မရှင်ဥက္ကဋ္ဌ၊ ဥရောပပါလီမန်ဥက္ကဋ္ဌ၊ EU ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝန်ကြီးတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်တုန်းက ဥရောပပါလီမန်က ပေးထားတဲ့ လွတ်လပ်စွာတွေးခေါ်မှု Sakharov ဆုကို ကိုယ်တိုင်လက်ခံယူခဲ့ပါတယ်။ အခုယူကေခရီးစဉ် ပြီးရင်တော့ ဒေါ်အောင်ဆန်းစုကြည်ဟာ အီတလီနိုင်ငံကို ခရီးဆက်ပြီး၊ မြန်မာ့ဒီမိုကရေစီရေးအတွက် ထောက်ခံခဲ့တဲ့ မြို့ ၅ မြို့ကို သွားမှာဖြစ်ပါတယ်။



အောက်တိုဘာ ၁၉၊ LUXEMBOURG, Belgium ။ ။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၁၅ ရွေးကောက်ပွဲအမှီ မပြင်ဆင်ပါက ရွေးကောက်ပွဲသည် ဒီမိုကရေစီကျမည်မဟုတ်ဟု ဤမြို့ရောက် ဒေါ်အောင်ဆန်းစုကြည်မှ ယနေ့ အီးယူဥက္ကဋ္ဌနှင့်ဆွေးနွေးစဉ် ဆိုဏ်။ ၁၉၉၈ တွင် ချီးမြှင့်ခံခဲ့ရသော လူမဲန်းကက်သစ် တက္ကသိုလ်၏ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို လက်ခံရယူပြီး Charity and Compassion in Europe ဥရောပက စာနာလှူဒါန်းခြင်းနဲ့ ကရုဏာတရား ဆွေးနွေးပွဲတွင် ပါဝင် မိန့်ခွန်းပြောခဲ့၏။

အောက်တိုဘာ ၂၀၊ RFA ။ ။ သတိပေးခဲ့သည့်အကြားမှ အမှုဆောင်အရာရှိချုပ် ဦးမိုးဟိန်းသည် ပုဂ္ဂိုလ်ရေးထိုးနှက်ရေးသားမှုများ ပြုနေ၍ ဂျာနယ်ကို ရပ်ဆိုင်းရန် ဆုံးဖြတ်ပြီး သူရိယဂျာနယ်တိုက်သို့ ဝင်၍ ကွန်ပျူတာနှင့် သတင်းပစ္စည်းများ သိမ်းဆည်းခဲ့ရသည်ဟု ထုတ်ဝေသူ ဦးယုနိုင်မှ RFA သို့ဆို၏။

အောက်တိုဘာ ၂၁၊ RFA ။ ။ ရခိုင်ပြည်နယ်ထွက် သယံဇာများကို ဒေသခံများ ခံစားခွင့်ရှိရေးနှင့် ပြည်နယ်အဆင့်မှ စီမံပိုင်ခွင့်ရှိရေးအတွက် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပေးရန် ရခိုင်ပြည်နယ်အဖွဲ့အစည်းများနှင့် ဒေသခံများမှ ယနေ့ တောင်းဆို၏။

အောက်တိုဘာ ၂၁၊ LUXEMBOURG, Belgium ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံခြားရေးကောင်စီ အစည်းအဝေးကို တက်ရောက်ခဲ့၏။

အောက်တိုဘာ ၂၂၊ STRASBOURG၊ **ပြင်သစ်** ။ ။ ၂၃ နှစ် ကျော်က အပ်နှင်းခြင်းခံခဲ့ရသော အီးယူ၏ အမြင့်ဆုံး လူ့အခွင့်အရေးဆု ဆာခါရော့ဖ် (Sakharov) လူ့အခွင့်အရေးဆုကို ဒေါ်အောင်ဆန်းစုကြည်သည် ဤမြို့ တွင် ယနေ့ ကိုယ်တိုင် လက်ခံယူနိုင်ခဲ့၏။

အောက်တိုဘာ ၂၃၊ RFA ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန် ဝေလမင်းသား ချားလ်စ်နှင့် ကျင်ယာတော်တို့နှင့် တွေ့ဆုံ၏။

အောက်တိုဘာ ၂၃၊ London ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ် ကင်မရွန်နှင့် တွေ့ဆုံဆွေးနွေးခဲ့၏။

အောက်တိုဘာ ၂၄၊ RFA ။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ချင်လိုခြင်းသည် နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်စေချင်လို့ဖြစ် ကြောင်း သမ္မတဖြစ်ရန် ရည်မှန်းချက်မဟုတ်ကြောင်း ဗြိတိန်ရောက် ဒေါ်အောင်ဆန်းစုကြည်မှဆို၏။ မြန်မာပြည်သည် ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်ရှိပြီဟု ပြောဆိုနေခြင်းများသည် မှားယွင်းကြောင်းဖြင့်လည်း ထောက်ပြ၏။

အောက်တိုဘာ ၂၄၊ Irish Times ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် မြောက် အိုင်ယာလန် Belfast သို့ရောက်ရှိကာ အိုင်ယာလန်အစိုးရ၊ ငြိမ်းချမ်းရေး လှုပ်ရှားစဉ် ပါဝင်သူများ၊ ခေါင်းဆောင်များ ညှိနှိုင်းသူများနှင့် တွေ့ဆုံလေ့လာဆွေးနွေးခဲ့ကာ အစိုးရရုံးစိုက်ရာ Stormont ရဲတိုက်တွင် အာဏာခွဲဝေယူမှုများကို လေ့လာကာ Wellington ကောလိပ်တွင် မိန့်ခွန်းပြောခဲ့၏။

အောက်တိုဘာ ၂၄၊ RFA ။ ။ သမ္မတဦးသိန်းစိန် ၂၀၁၅ ရွေးကောက်ပွဲ ဝင်မပြိုင်ဟု သူရဦးရွှေမန်းမှ ဆို၏။

အောက်တိုဘာ ၂၅၊ ITV ။ ။ ဗြိတိန်ရှိ -ဆဲန်ဒ်ဟာ့စ်တ် Sandhurst တော်ဝင် စစ်တက္ကသိုလ်တွင် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ လေ့လာကာ မိန့်ခွန်း ပြောကြားခဲ့သည်။

အောက်တိုဘာ ၂၅၊ RFA ။ ။ အောက်တိုဘာ ၂၂ တွင် အစိုးရတပ်များ ဗန်းမော်အနီး မန်စီမြို့နယ်အတွင်းရှိ မုန်းတင်ပါဒုက္ခသည်စခန်းကို ဝင်ရောက်ခြင်းသည် နယ်မြေကျွမ်းကျင်မှုရရှိရန်နဲ့ ပြည်သူများနဲ့ ထိတွေ့နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်မှဆို၏။

အောက်တိုဘာ ၂၅၊ RFA ။ ။ ဘာသာရေးအကြမ်းဖက်မှုများသည် မြန်မာပြုပြင်ပြောင်းလဲရေးကို အကြီးအကျယ် ခြိမ်းခြောက်နေပြီး လူ့အခွင့်အရေး အခြေအနေမှာလည်း စိုးရိမ်နေရသေးကြောင်း ကုလ လူ့အခွင့်အရေး အထူးအရာရှိ ကင်တားနားမှဆို၏။

အောက်တိုဘာ ၂၆၊ RFA ။ ။ ဒဂုံဆိပ်ကမ်းမြို့နယ် အမှတ် ၆၇ ရပ်ကွက် ဒေသခံများသည် မြို့ရွာနှင့် အိုးအိမ်ဖွဲ့ဖြိုးရေးဦးစီဌာနမှ ကတိအတိုင်း နေထိုင်စရာဆောင်ရွက်ပေးရန် ယနေ့ မြို့တော်ခန်းမအနီး ဆန္ဒပြတောင်းဆို၏။

အောက်တိုဘာ ၂၆၊ Eleven Myanmar ။ ။ လက်ပံတောင်းတောင်အနီး လျော်ကြေးမယူထားသည့် စိုက်ခင်းများတွင် လမ်းဖောက်ခြင်း၊ သံဆူးကြိုးကာခြင်းများ မပြုလုပ်ရန် ဒေသခံတောင်သူများနှင့် ဒေသအာဏာပိုင်များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း။

အောက်တိုဘာ ၂၆၊ BBC ။ ။ ကချင်ပြည်နယ် မန်စီမြို့နယ် တိုက်ပွဲအခြေအနေကို ကေအိုင်အို (KIO) မှ ရန်ကုန်တွင်ထုတ်ပြန်။

အောက်တိုဘာ ၂၆၊ BBC ။ ။ ရွေးကောက်ပွဲတွင် မည်သည့်ပြိုင်ဖက်နှင့်မဆို ရင်ဆိုင်သွားရမည်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ BBC မေးမြန်းခန်းတွင်ဆို၏။

အောက်တိုဘာ ၂၇၊ Eleven Myanmar ။ ။ ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေး စီမံချက်များတွင် ဒေါ်လာ သန်း ၁၀၀ ကျော် လိုအပ်နေပြီး လက်ရှိတွင် သန်း ၈၀ ခန့် ရရှိထားကြောင်း။

အောက်တိုဘာ ၂၇၊ Eleven Myanmar ။ ။ မြန်မာသို့ မြဝတီ ဝင်ထွက်ပေါက်မှ အောက်တိုဘာ ၁ မှ ၂၅ ရက်ထိ ၆၉၃ ဦး ဝင်ထွက်လည်ပတ်ခဲ့ရာ

စာမျက်နှာ ၁၃ သို့

မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကူညီကြဖို့ ဥရောပကို ဒေါ်စု ဖိတ်ခေါ်

VOA၊ အောက်တိုဘာ ၂၃။ ။ မြန်မာနိုင်ငံတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အဦးတွေ တိုးတက်ကောင်းမွန်လာရေးအကူအညီပေးကြဖို့ ဥရောပနိုင်ငံတွေကို ရောက်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတကာကို ဖိတ်ခေါ်ခဲ့ပါတယ်။ တချိန်တည်းမှာတော့ EU ဥရောပသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအပြောင်း အလဲတွေကို ထဲထဲဝင်ဝင်လေ့လာစောင့်ကြည့်ပြီး မြန်မာနိုင်ငံကိုအကူအညီပေးဖို့ကိုလည်း ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းခဲ့ပါတယ်။ ဒီအကြောင်းကိုသား ညွှန့်ဦး တင်ပြထားပါတယ်။

မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုတွေ ထင်သလောက် ဝင်မလာသေးတာဟာမြန်မာနိုင်ငံ နိုင်ငံရေးအခြေအနေအပေါ် ရင်းနှီးမြှုပ်နှံသူတွေရဲ့ စိုးရိမ်ချက်ကြောင့် ဖြစ်တယ်လို့ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မနေ့က ဥရောပပါလီမန်မှာလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာပြောသွားပါတယ်။

ဒီအတွက် နိုင်ငံရေးအခြေအနေ တိုးတက်ကောင်းမွန်လာဖို့ လိုသလို၊ စီးပွားရေး အခြေခံအဆောက်အဦးတွေ ကောင်းမွန်တိုးတက်လာဖို့အတွက် နိုင်ငံတကာအကူအညီတွေကိုလည်း ဒေါ်အောင်ဆန်းစုကြည်က ဖိတ်ခေါ်ခဲ့ပါတယ်။

"တကယ်တမ်းပြောရရင် အစိုးရက မျှော်လင့်ထားသလောက် ရင်းနှီးမြှုပ်နှံမှုတွေ ဝင်မလာသေးပါဘူး။ ရင်းနှီးမြှုပ်နှံဖို့ သင့် မသင့် ချိန်ဆနေသူတွေဟာ စနစ်ရဲ့ အားနည်းချက်တွေကို မြင်ကြလို့ပါ။ ဥပမာ ဆိုရရင် တရားဥပဒေစိုးမိုးရေး အာမခံချက်မရှိပါဘူး။ ရင်းနှီးမြှုပ်နှံဖို့အတွက် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေနဲ့ ဥပဒေတွေအပေါ်မှာ သူတို့အနေနဲ့ လုံလုံလောက်လောက် ယုံကြည်မှုမရှိကြသေးပါဘူး။ နောက်ပြီးတော့ စီးပွားရေးအတွက် အခြေခံ အဆောက်အဦးတွေလည်း မရှိသေးပါဘူး။ ဒါဟာ ကျမတို့လူထုအတွက် တကယ့်ကို လိုအပ်ချက်ပါ။ ဒါကြောင့် ကျမတို့နိုင်ငံရဲ့ အခြေခံအဆောက်အဦးတွေ တိုးတက်ကောင်းမွန်လာဖို့ အကူအညီမျိုးတွေကို ကြိုဆိုပါတယ်။"

သူအနေနဲ့တော့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေကို တာဝန်သိရင်းနှီးမြှုပ်နှံမှုဖြစ်စေဖို့ လိုလားတယ်လို့လည်း ပြောခဲ့ပါတယ်။ တချိန်တည်းမှာ မြန်မာပြည်သူတွေရဲ့ လိုအပ်ချက် အထူးသဖြင့်ပညာရေး၊ ကျန်းမာရေးဆိုင်ရာ နိမ့်ပါးနေတဲ့ အခြေအနေကိုလည်း ပြောခဲ့ပြီးလတ်တလော မြန်မာလူထုအတွက် အရေးအကြီး ဆုံးကတော့အလုပ်အကိုင်သစ်တွေ ဖန်တီးနိုင်ရေးဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

"ကျမတို့ နိုင်ငံမှာ အလုပ်လက်မဲ့နှုန်းကလည်း အင်မတန်ကြီးပါတယ်။ အထူးသဖြင့်တော့ လူငယ်တွေ အလုပ်လက်မဲ့ ဖြစ်ကြတဲ့ကိစ္စပါ။ အခုလို လူငယ်တွေ အလုပ်လက်မဲ့ ဖြစ်ကြတာဟာ ပေါက်ကွဲနိုင်တဲ့ ချိန်ကိုက်ဗုံး တလုံးလိုပါပဲ။ အလုပ်မရှိတဲ့ လူငယ်တွေအဖို့ အနာဂတ်အတွက် မျှော်လင့်ချက် ကင်းမဲ့နေပါတယ်။ ဒါဟာ ပြဿနာရပ်အတော်များများကိုဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် အလုပ်အကိုင်တွေဖန်တီးပေးဖို့လိုပါတယ်။ ဒီဥရောပက လူငယ်တွေအတွက်ဆိုရင် ရေကောင်းရေတယ်၊ လမ်းတွေရှိတယ်၊ လျှပ်စစ်မီးရတယ်၊ ကောင်းမွန်တဲ့ ပညာရေး စနစ်ရှိတယ်။ ကျမတို့ လူထုက ဒါတွေလိုချင်တာပါ။ သူတို့အားလုံး တညီတညွတ်ပြောတာတခုကတော့ အရင်ဆုံး အလုပ်အကိုင်လိုချင်တာပါ။ ဒါဟာ အရေးကြီးဆုံးပါ။ အလုပ်အကိုင်ရှိခြင်းဟာ ကိုယ်ရပ်တည်နေထိုင်ဖို့တင်မဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကို တန်ဖိုးထားလေးစားမှုလည်း ဖြစ်စေပါတယ်။"

နိုင်ငံရေးနဲ့ ပတ်သက်လို့ကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ အရေးကြီးပြီး၊ ဒီအတွက် နိုင်ငံတကာ အနေနဲ့လည်းတတ်နိုင်သလောက် ကူညီကြဖို့ ဖိတ်ခေါ်ပါတယ်။ ငြိမ်းချမ်းမှု မရှိဘဲနဲ့ကောင်းမွန်တဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်မလာနိုင်ဘူးလို့ ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့ပါတယ်။

EU ဥရောပသမဂ္ဂအနေနဲ့လည်း မြန်မာနိုင်ငံရဲ့ အပြောင်းအလဲတွေကို အပေါ်ယံမဟုတ်ဘဲ ထဲထဲဝင်ဝင်ကြည့်ပြီး အကူအညီ ပေးစေချင်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က မေတ္တာရပ်ခံခဲ့ပါတယ်။

"EU ဥရောပသမဂ္ဂအနေနဲ့ သူမှာရှိတဲ့ ဩဇာ သူရဲ့အာဏာတွေကို မြန်မာ့ဒီမိုကရေစီရေးအတွက် အကူအညီပေး အသုံးချစေလိုပါတယ်။ကျမတလျှောက်လုံးပြောလာတာကတော့အခြေအနေတွေကို အပေါ်ယံမဟုတ်ဘဲ ထဲထဲဝင်ဝင် ကြည့်စေချင်ပါတယ်။ အပေါ်ယံအပြောင်းအလဲမျိုးတွေနဲ့ မလုံလောက်ပါဘူး။ မြန်မာနိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ် ခိုင်ခိုင်မတ်မတ်ရပ်တည်နိုင်မယ့် စစ်မှန်တဲ့ ပြောင်းလဲမှုမျိုးတွေလိုချင်ပါတယ်။"

လက်ရှိ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီရေး ပြောင်းလဲမှုတွေအတွက် ဖွဲ့စည်းပုံပြင်ဆင်ရေး အရေးကြီးတဲ့အကြောင်းကိုလည်း ထပ်ပြောခဲ့သလို၊ သူ့အနေနဲ့ကတော့ ဒီမိုကရေစီလမ်းကြောင်းကို ထိခိုက်စေတဲ့ ဖွဲ့စည်းပုံပါ အားနည်းချက်တွေကိုမပြင်ဘဲ၊ အပေါ်ယံ အပြောင်းအလဲလုပ်ပြတာမျိုးတွေကိုတော့ မလိုလားဘူးလို့ ဒေါ်အောင်ဆန်းစုကြည်က ပြောသွားပါတယ်။ နိုင်ငံတကာနဲ့ ဆက်ဆံရေးပိုင်းမှာတော့ အိမ်နီးချင်းနိုင်ငံတွေကိုရော အနောက်နိုင်ငံတွေကိုပါမိတ်ဆွေကောင်းအဖြစ်ဆက်ဆံခဲ့တဲ့ မြန်မာနိုင်ငံရဲ့အစဉ်အလာ နိုင်ငံခြားရေးမူဝါဒကို အနာဂတ်မှာလည်း ဆက်သွားလိုတယ်လို့ ဒေါ်အောင်ဆန်းစုကြည်ကပြောပါတယ်။

"ကျမတို့ဟာ ၁၉၅၀ ကာလလောက်ကတည်းက တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးကောင်းတွေရှိခဲ့ပါတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံဟာ ဒီမိုကရေစီ တိုင်းပြည်ဖြစ်ပေမဲ့၊ ကွန်မြူနစ်တရုတ်အစိုးရကို ပထမဆုံး အသိအမှတ် ပြုခဲ့တဲ့နိုင်ငံပါ။ အဲဒီအချိန်ကတည်းက မြန်မာနိုင်ငံဟာ တကယ့်ကို တောင့်တင်းခိုင်မာတဲ့ နိုင်ငံခြားရေး မူဝါဒရှိခဲ့ပါတယ်။မြန်မာနိုင်ငံဟာ အဲဒီအချိန်ကာလမှာ တရုတ်ကွန်မြူနစ်အစိုးရကို အသိအမှတ်ပြုသလိုပဲ၊အမေရိကန်ပြိတိန်စတဲ့အနောက်နိုင်ငံတွေနဲ့လည်းမိတ်ဆွေကောင်းဖြစ်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံနဲ့လည်း မိတ်ဆွေနိုင်ငံဖြစ်ခဲ့ပါတယ် တချိန်တည်းမှာ တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးကောင်းကိုလည်း ထိန်းထားနိုင်ခဲ့ပါတယ်။ ဒီ မူဝါဒမျိုးကိုနဲ့ ရှေ့အနာဂတ် ဆက်သွားလိုပါတယ်။ တရုတ်နိုင်ငံအပြင် အခြားအိမ်နီးချင်းနိုင်ငံတွေနဲ့လည်းမိတ်ဆွေကောင်းဆက်ဆံရေးထားလိုပါတယ်။ ဒါ့အပြင် မြန်မာ့ဒီမိုကရေစီရေးကို အားပေးထောက်ခံတဲ့ အနောက်မိတ်ဆွေ နိုင်ငံတွေနဲ့လည်း ဆက်ဆံရေးကောင်းထားလိုပါတယ်။"

စာမျက်နှာ ၁၇ သို့

ဇေါ်စု သမတဖြစ်ခွင့် ပိတ်ထားတဲ့ ဥပဒေပြင်သင့်ဟု သူရဦးရွှေမန်း ပြောဆို

Mizzima ၊ အောက်တိုဘာ ၂၅ ။ ။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို သမတဖြစ်ခွင့်မှ ပိတ်ပင်ထားသည်ဟု အများက ယုံကြည်ထားသည့်အခြေခံဥပဒေပါ သမ္မတအရည်အချင်း ပြဋ္ဌာန်းချက်များကို ပြင်မှသာ လွတ်လပ်မျှတသည့် ရွေးကောက်ပွဲဖြစ်မည်ဟု သူရဦးရွှေမန်းက အောက်တိုဘာ ၂၄ ရက်က မီဒီယာများကို ပြောဆိုလိုက်သည်။

"တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ရင်တောင် ဒီဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၅၉(စ) မှာ တားမြစ်ထားတဲ့ ကိစ္စကြောင့် ဒီဟာသည် free and fair (လွပ်လပ်ပြီးတရားမျှတဖို့) ဖြစ်ပါသလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ free and fair ဖြစ်ဖို့အတွက်တော့ ဆောင်ရွက်ဖို့ လိုတယ်လို့ပဲ ဒီလိုပဲ ပြောချင်ပါတယ်ဟု ၂၀၁၅ တွင် ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကို ရည်ညွှန်းကာပြောသည်။

အောက်တိုဘာ ၂၄ ရက်က ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အပြီး မီဒီယာများ၏မေးမြန်းမှုကို ရှင်းလင်းပြောကြားရာတွင် သူရဦးရွှေမန်းက ယခုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

သမ္မတ၊ ဒုသမ္မတ ဖြစ်ခွင့်ရှိသူ၏ အရည်အချင်းကန့်သတ်ချက်များနှင့်ပတ်သက်၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၃)၊ ပုဒ်မ (၅၉)(စ)တွင် "မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘတပါးပါးသော်လည်းကောင်း၊ ဇနီး သို့မဟုတ် ခင်ပွန်း၊ သားသမီး၊ သားသမီး၏ ဇနီး/ခင်ပွန်းသည် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ"ဟုပါရှိသည်။

သမ္မတနှင့်ဒုသမ္မတများ၏အရည်အချင်းကန့်သတ်ချက်နှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်က ယင်းပုဒ်မသည် မိမိအတွက်၊ နိုင်ငံအတွက် မလိုအပ်သဖြင့် ပြင်ဆင်ရမည့်ပုဒ်မဖြစ်သည်ဟု ၂၀၁၃ ခုနှစ် ဇန်နဝါရီလက ပြည်သူ့လွှတ်တော်တွင် သတင်းထောက်များကို ပြောကြားခဲ့ဖူးသည်။

အထက်ပါဥပဒေကို ပြင်ရမည်ဟု သူရဦးရွှေမန်းက ပြောဆိုခဲ့သည့်အပြင် ၎င်းဥပဒေပါသည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အင်အားကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ပါဝင်ခဲ့သည်ဟုလည်း ၎င်းက ပြောဆိုခဲ့သေးသည်။

"ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတဲ့နေရာမှာရော ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်တဲ့နေရာမှာရော ပြည်ခိုင်ဖြိုးပါတီ ပါခဲ့ပါတယ်"ဟု မီဒီယာများ၏ မေးမြန်းမှုကို သူရဦးရွှေမန်းက ပြောဆိုခဲ့သည်။

သမတဖြစ်ရန် ဆန္ဒရှိသည်ဟုလည်း ပြောဆိုထားဖူးသည့် သူရဦးရွှေမန်းက ၎င်းအနေဖြင့် အဆင်သင့်ဖြစ်နေပြီဟုလည်း ဆိုသည်။

"မိမိဆောင်ရွက်ချက်ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားအတွက်ပဲ အဓိကထား ရှေးရှုပါတယ်။ ဒီလိုနိုင်ငံနဲ့ နိုင်ငံသား အကျိုးစီးပွားကိုရှေးရှုဆောင်ရွက်နေတဲ့ လူတယောက်အဖို့ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ဖို့ဆိုတာ ဘာမှခဲရာခဲဆစ်မရှိပါဘူး"ဟု ၎င်းက ပြောသည်။

၎င်း၏ ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍လည်း "အချိန်မရွေးအစစ်ခံနိုင်တယ်။ အချိန်မရွေး လာမေးနိုင်တယ်" ဟုလည်း ထိုရှင်းလင်းပွဲတွင် သူရဦးရွှေမန်းက ထည့်ပြောသွားသည်။

ငြိမ်းချမ်းရေး စေတနာထားလုပ်ဖို့ ပြည်ထောင်စုလွှတ်တော် ကြေညာချက်ထုတ်ပြန်

BBC ၊ အောက်တိုဘာ ၂၄ ။ ။ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွေကို ထိခိုက်စေမယ့် အပြောအဆို၊ အပြုမူတွေ မလုပ်ကြဖို့နဲ့ ငြိမ်းချမ်းရေးရရှိရေးအတွက် စေတနာ မေတ္တာ ထားရှိဆောင်ရွက်ကြဖို့ အလေးနက်ထား ပန်ကြားမေတ္တာရပ်ခံပါကြောင်း ဒီကနေ့ နေ့စွဲနဲ့ ပြည်ထောင်စုလွှတ်တော်က ကြေညာချက် ထုတ်ပြန်လိုက်ပါတယ်။

စစ်မှန်တဲ့ငြိမ်းချမ်းရေးကို ဝိုင်းဝန်းဖော်ဆောင်ရာမှာ ငြိမ်းချမ်းရေးပျက်ပြားစေမယ့် အပြုအမူ အပြောအဆိုတွေ မလုပ်ကြဖို့ ပြည်သူ့လွှတ်တော်က တိုက်တွန်းမေတ္တာရပ်ခံလိုက်ပါတယ်။

တိုင်းပြည်မှာ လွှတ်တော်ကလည်း ငြိမ်းချမ်းရေးဖော်ဆောင်မှုတွေမှာ ပါဝင်နေတယ်ဆိုတာကို လူထုကို အသိပေးတဲ့သဘောဖြစ်တယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဖျက်လိုဖျက်ဆီး လုပ်ချင်တဲ့ သူတွေကိုလည်း သတိပေးရာရောက်တယ်လို့ ရှုမြင် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဒုဥက္ကဋ္ဌလည်းဖြစ် လွှတ်တော်အမတ် တစ်ယောက်လည်းဖြစ်တဲ့ ဦးဆောင်ဆီက BBC ကိုပြောပါတယ်။

လွှတ်တော်အနေနဲ့ တခါမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်လို့ ကြေညာချက် အရင်က မထုတ်ခဲ့ဘူးသေးဘဲ အခု ထုတ်ပြန်ချက်ဟာ လူထုကို အသိပေးရမယ့်ကိစ္စကို ပထမဆုံး အသိပေးလိုက်တာဖြစ်တယ်လို့ သူကဆိုပါတယ်။

ဒီကိစ္စမှာ လွှတ်တော်က Commitment ပေးလိုက်သလိုဖြစ်သွားပြီး သူ့အနေနဲ့ တာဝန်ယူလုပ်ဆောင်ရတော့မှာ ဖြစ်တယ်။ လုပ်ဆောင်ရမယ့်ကိစ္စတွေကို တစုတစည်းတည်း ဖော်ပြခဲ့တာဖြစ်ပြီး ပျက် ပြားအောင်မလုပ်ကြဖို့ ပန်ကြားတာဟာလည်း ကြေညာချက်မှာ ပါ သင့်ပါထိုက်လို့ ထည့်သွင်းသွားခဲ့တာဖြစ်တယ်လို့ သူကရှင်းပြခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်အနေနဲ့ လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတွေဖြစ်တဲ့ အခြေခံဥပဒေ သုံးသပ်တဲ့အဖွဲ့တစ်ခုကို ဖွဲ့စည်းပြီး အခြေခံဥပဒေ ပြင်ဆင်ရေးကိုလည်း ဆောင်ရွက်နေတယ်လို့ လွှတ်တော်အမတ်က ပြောပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖျက်လိုဖျက်ဆီး လုပ်တယ်ဆိုရင် ပြည်သူ့လွှတ်တော်အနေနဲ့ ဘယ်လိုအရေးယူနိုင်မှာလဲ BBC က မေးကြည့်တဲ့အခါ...

"ဒါကတော့ အစိုးရဘက်ကလုပ်ရမှာဖြစ်ပြီး လွှတ်တော်အနေနဲ့ တိုက်တွန်းတာဘဲ လုပ်နိုင်တယ်" လို့ သူကဆိုပါတယ်။

ပြီးခဲ့တဲ့ လွှတ်တော်အစည်းအဝေးမှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ လွှတ်တော်က ပါဝင်ပတ်သက်နေပါတယ် ဆိုတာကိုဘဲ ဖော်ပြခဲ့ပြီး အခုတော့ လူထုကို အသိပေးတဲ့သဘောလည်းဖြစ်တယ်လို့ ဦးဆောင်ဆီက ပြောပါတယ်။

ပြုပြင်ပြောင်းလဲရေး ဖိအားပေးဖို့ ကမ္ဘာ့ခေါင်းဆောင်တွေကို ဒေါ်စု တိုက်တွန်း

DVB ၊ အောက်တိုဘာ ၂၂ ။ ။ မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ဒီမိုကရေစီ ပြုပြင်ပြောင်းလည်းရေးဖြစ်လာအောင် ကမ္ဘာ့နိုင်ငံ ခေါင်းဆောင်တွေက ဖိအားပေးဖို့ ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းလိုက်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဥရောပနိုင်ငံ ခရီးစဉ်အတွင်း အောက်တိုဘာ ၂၁ ရက်နေ့က လူဇင်ဘတ်နိုင်ငံကိုရောက်ရှိခဲ့ပြီး သတင်းထောက်တွေနဲ့ တွေ့ဆုံချိန်မှာ မြန်မာအစိုးရရဲ့ ပြုပြင်ပြောင်းလဲရေးမှာ စစ်မှန်တဲ့ ဒီမိုကရေစီဖြစ်ဖို့ ကမ္ဘာ့ခေါင်းဆောင်တွေနဲ့ ဥရောပနိုင်ငံတွေက ဖိအားပေးဖို့ တိုက်တွန်းလိုက်တယ်လို့ အေဂျင်စီသတင်းတွေမှာ ဖော်ပြထားပါတယ်။

သူရဲ့ ခရီးစဉ်အတွင်းမှာ ဥရောပသမဂ္ဂရဲ့ နိုင်ငံခြားရေးဝန်ကြီးတွေနဲ့ မတွေ့ဆုံခင်မှာ ဒီမိုကရေစီကျင့်စဉ်ရဲ့ အခြေခံအကျဆုံးဖြစ်တဲ့ ဖွဲ့စည်းပုံဥပဒေကို ပြင်ဆင်ဖို့ အရေးကြီးကြောင်းကိုလည်း သတင်းထောက်တွေကို ပြောကြားလိုက်ပါတယ်။

"မြန်မာနိုင်ငံမှာ အရေးကြီးတဲ့ကိစ္စတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် ဒီကိစ္စတွေအားလုံးဖြေရှင်းနိုင်ဖို့က ဒီမိုကရေစီရဲ့ကျင့်စဉ်မှာအခြေခံအကျဆုံးကိစ္စတခုဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အရင်ဆုံးပြင်ဆင်ဖို့လိုပါတယ်။ ဒီဖွဲ့စည်းပုံကို မပြင်ဆင်မချင်း ကျန်တဲ့ကိစ္စရပ်တွေ ပြုပြင်နိုင်မှာမဟုတ်ပါဘူးလို့" ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်ဟာ အောက်တိုဘာ ၂၂ ရက်နေ့ က ပြင်သစ်နိုင်ငံမှာကျင်းပတဲ့ ဥရောပ ပါလီမန်ကော်မတီ (European Parliament Committees) အစည်းအဝေးမှာလည်း မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ဒီမိုကရေစီနိုင်ငံဖြစ်လာဖို့က အများကြီး ကြိုးစားရဦးမယ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ရေးကနေစရမယ်လို့ ပြောပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဟာဆိုရင်လည်း လက်ရှိ အာဏာရသူတွေကို အသာပေးနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်တဲ့ အတွက် ပြုပြင်ဖို့ လိုတဲ့အကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ဥရောပသမဂ္ဂမှာ ဆွေးနွေးပွဲတွေ တက်ရောက်ဖို့နဲ့ ဆာခါရော့ဗ် လူအခွင့်အရေးဆုကို လက်ခံရယူဖို့ ၁၅ ရက်ကြာ ဥရောပခရီးစဉ်ကို အောက်တိုဘာ ၁၈ ရက်နေ့ကတည်း စတင်ခဲ့တာ ဖြစ်ပါတယ်။

သူရဲ့ ခရီးစဉ်အတွင်းမှာ ဘယ်လ်ဂျီယံ၊ လူဇင်ဘတ်၊ ပြင်သစ်၊ ဗြိတိန်နဲ့ အီတလီစတဲ့ ဥရောပ ၅ နိုင်ငံကို သွားရောက်နေတာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် လွတ်တော်အမတ်ဖြစ်ပြီး နောက်ပိုင်းမှာ ဒါဟာ ဥရောပကို တတိယအကြိမ်မြောက် သွားရောက်တာလည်း ဖြစ်ပါတယ်။

အာဆီယံ လူထုအခြေပြု ဆွေးနွေးပွဲများ ကျင်းပဖို့ ဆုံးဖြတ်

RFA ၊ အောက်တိုဘာ ၂၁ ။ ။ အရှေ့တောင်အာရှနိုင်ငံများ (အာဆီယံ) အသင်းဝင်နိုင်ငံများရဲ့ ထိပ်သီးဆွေးနွေးပွဲတွေနဲ့အပြိုင် အာဆီယံ လူထုအခြေပြု ဆွေးနွေးပွဲတွေကို လာမယ့် ၂၀၁၄ ခုနှစ်ထဲမှာ ကျင်းပသွားမယ်လို့ ရန်ကုန်မြို့မှာ ၂ ရက်တာကျင်းပတဲ့ အရပ်ဖက်လူမှုအဖွဲ့အစည်းတွေရဲ့ အကြိုဆွေးနွေးပွဲမှာ ဆုံးဖြတ်လိုက်ကြပါတယ်။

ရန်ကုန်မြို့ Crystal Jade စားသောက်ဆိုင်မှာ အောက်တိုဘာ ၂၀ ရက်နေ့ကနေ ၂၁ ရက်နေ့အထိ ၂ ရက်ကြာကျင်းပတဲ့အရှေ့တောင်အာရှနိုင်ငံတွေက အရပ်ဖက်လူမှုအဖွဲ့အစည်းတွေရဲ့ကိုယ်စားလှယ်တွေတက်ရောက်တဲ့ ဆွေးနွေးပွဲကနေ ခုလိုဆုံးဖြတ်လိုက်တာပါ။

အာဆီယံ လူထုအခြေပြု ဆွေးနွေးပွဲတွေကို လာမယ့် ဇူလိုင်အတွင်း ကျင်းပဖို့ရှိနေတယ်လို့ အာဆီယံ လူထုအခြေပြုဆွေးနွေးပွဲ ကျင်းပရေး ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒေါ်မေမေပြိုးက RFA ကို ခုလို ပြောပါတယ်။

"အာဆီယံ ထိပ်သီးအစည်းအဝေးရဲ့ နှစ်ရက်၊ သုံးရက်လောက် စောပြီးလုပ်တယ်၊ ပြီးရင် အာဆီယံထိပ်သီး ညီလာခံလုပ်တယ်ပေါ့၊ မြန်မာနိုင်ငံမှာ အာဆီယံထိပ်သီးညီလာခံကို မေလထဲမှာ လုပ်မယ်ပေါ့နော်၊ အဲဒီထိပ်သီးအစည်းအဝေးမတိုင်ခင်မှာလုပ်ဖို့ရှိတယ် ပေါ့နော်၊ ရက်ကတော့ အတိအကျမသိသေးဘူး"။

ဒါ့အပြင် အာဆီယံ လူထုအခြေပြု ဆွေးနွေးပွဲတွေမှာ အာဆီယံနိုင်ငံတွေအတွင်း ကြုံတွေ့နေရတဲ့ ပြဿနာရပ်တွေ၊ လူ့ အခွင့်အရေးကိစ္စရပ်တွေကိုပါ ဆွေးနွေးကြမှာဖြစ်တဲ့အတွက် အဲဒီ ဆွေးနွေးပွဲကနေ အကျိုးကျေးဇူးတွေ ရရှိနိုင်မှာဖြစ်တယ်လို့ Equality Myanmar လူမှုရေးအဖွဲ့စည်းမှ ဦးအောင်မျိုးမင်းက ပြောပါတယ်။

"workshop တိုင်း ခေါင်းစဉ်ကို ကြည့်မယ်ဆိုရင်တော့ ကျနော်တို့ မြန်မာနိုင်ငံနဲ့ ကင်းလွတ်တဲ့ခေါင်းစဉ်မရှိဘူးခင်ဗျ၊ အကုန်လုံးကပတ်သက်နေတာပဲ၊ ဒီ workshop တွေမှာ မြန်မာနိုင်ငံရဲ့ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကို ပြန်ငံမယ်ဆိုလို့ရှိရင်လည်း ဒေသဆိုင်ရာကိစ္စတွေမှာ ကျနော်တို့တိုင်းပြည်ဟာ ဆက်လက်ပြီးတော့တချို့နေရာတွေမှာ ဒါတွေရှိနေတယ်၊ တချို့နေရာမှာတော့ ဘာတွေပြောင်းလဲသွားတယ် ဆိုတာကတော့ ပွင့်ပွင့်လင်းလင်း တင်ပြနိုင်တဲ့အခွင့်အရေးနှစ်ခုရရှိပါလိမ့်မယ်"

အာဆီယံဒေသတွင်းက ပြည်သူလူထုရဲ့အသံတွေကို ဖလှယ်နိုင်ဖို့အတွက် ရည်ရွယ်ပြီးကျင်းပတဲ့ ဒီဆွေးနွေးပွဲကနေရရှိတဲ့ အကြံပြုချက်တွေကို အာဆီယံအစိုးရတွေဆီ တင်ပြသွားမှာဖြစ်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ရဲ့ အလှည့်ကျဥက္ကဋ္ဌ တာဝန်အဖြစ်လာမယ့် ၂၀၁၄ ခုနှစ်မှာ တာဝန်ယူမှာဖြစ်ပြီး ၂၀၁၄ ခုနှစ် မေလ ၄ ရက်မှာ အာဆီယံထိပ်သီးညီလာခံကို မြန်မာနိုင်ငံမှာ ကျင်းပမှာဖြစ်ပါတယ်။

ဗမာပြည်ရဲ့ မျော်လင့်ချက် အသက်ဝင်လှုပ်အပြဲရှိပါစေ

အောက်တိုဘာတွင် ယခင်လထက် သုံးဆရှိကာ ထိုင်းနိုင်ငံမှ အများဆုံးဖြစ်၏။

အောက်တိုဘာ ၂၇၊ RFA ။ ။ ပုသိမ်မြို့ပေါ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့ကို ဖွဲ့လိုက်ပြီဖြစ်၍ ဒေသခံများစု ပေါင်းဖွဲ့စည်းထားသော ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့ကို ယနေ့ ဖျက်သိမ်းလိုက်ကြောင်း။

အောက်တိုဘာ ၂၇၊ Eleven Myanmar ။ ။ ဆန်ဈေးကျ၍ ယခုနှစ် မြန်မာမှ ဆန်တင်ပို့မှု နှစ်ဆခန့်ကျပြီး တန်ချိန် သုံးသိန်းကျော်သာ တင်ပို့နိုင်သေး၏။

အောက်တိုဘာ ၂၇၊ Eleven Myanmar ။ ။ မြန်မာတွင် အစိုးရငွေချေးစာချုပ် Bonds ဈေးကွက်သည် သေးလွန်းပြီး အများစုကို ဘဏ်များမှ ဝယ်ယူထား၏။

အောက်တိုဘာ ၂၇၊ London-BBC ။ ။ မြန်မာလူငယ်များ အလုပ်လက်မဲ့ ပြဿနာကို အမြန်ဖြေရှင်းရန်လိုကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ အောက်စဖို့ ဒ်တက္ကသိုလ် အာဏာပိုင်များနှင့် ဆွေးနွေး၏။

အောက်တိုဘာ ၂၇၊ Eleven Myanmar ။ ။ ပဲခူးတိုင်း ဇော ၈၀ ခန့်ပေါ်တွင် Nissan (နစ်ဆန်း) ကားထုတ်လုပ်သည့်စက်ရုံ တည်မည်။

အောက်တိုဘာ ၂၇၊ RFA ။ ။ လူအခွင့်အရေးနှင့် ဂုဏ်သိက္ခာ နယ်လှည့်ရုပ်ရှင်ပွဲတော်ကို တောင်ကြီးတွင် ယနေ့ကျင်းပ၏။ ၈၈ မျိုးဆက် ကိုမင်းကို နိုင်နဲ့ ကိုဂျင်မီတို့အပြင် ဦးကိုကိုကြီး(စမ်းချောင်း)တို့ တက်ရောက် အမှာစကားပြောကြားခဲ့၏။

အောက်တိုဘာ ၂၇၊ Eleven Myanmar ။ ။ မန္တလေးတွင် ၉လ အတွင်း သွေးလွန်တုပ်ကွေးဖြစ်မှု ၂,၀၀၀ ခန့်ရှိပြီး လေးနှစ်အတွင်း ဖြစ်ပွားမှု အများဆုံးဖြစ်ကြောင်း။

အောက်တိုဘာ ၂၇၊ ROME ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် ၁၉ နှစ်ကြာက ချီးမြှင့်ခံထားရသော ဂုဏ်ထူးဆောင် ရောမမြို့တော်သူဆုကို အီတလီနိုင်ငံတွင် ယနေ့ လက်ခံရယူကာ၊ ပုပ်ရဟန်းမင်းကြီး Francis၊ သမ္မတ Giorgio Napolitano၊ ဝန်ကြီးချုပ် Enrico Letta၊ နိုင်ငံခြားရေးဝန်ကြီး Emma Bonino စသည့် အီတလီခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့၏။

အာရှဒီပိုကရေစီကွန်ရက် တည်ထောင်ခြင်းအထိမ်းအမှတ် ၈၈ ပွင့်လင်းလူ့အဖွဲ့စည်းတက်ရောက်ဆွေးနွေး

DVB ၊ **အောက်တိုဘာ ၂၃** ။ ။ တောင်ကိုးရီယားနိုင်ငံမှာကျင်းပတဲ့ အာရှဒီမိုကရေစီကွန်ရက် (အေအန်ဒီ) တည်ထောင်ခြင်း အခမ်းအနားကို ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ဦးမင်းကိုနိုင်အပါအဝင် မြန်မာနိုင်ငံက နိုင်ငံရေးလှုပ်ရှားသူတွေလည်း တက်ရောက်ပြီး မြန်မာ့အရေးပါဝင်ဆွေးနွေးသွားခဲ့ကြပါတယ်။

အောက်တိုဘာ ၂၁ နဲ့ ၂၂ ရက်တွေက ဆိုးလ်မြို့မှာကျင်းပတဲ့ အာရှဒီမိုကရေစီကွန်ရက် စတင်တည်ထောင်ခြင်းအထိမ်းအမှတ်ဆွေးနွေး ပွဲမှာ ၈၈ ပွင့်လင်းလူ့အဖွဲ့အစည်းနဲ့ မြန်မာ့အရေး ပူးပေါင်းဆောင်ရွက်သူများအဖွဲ့တွေက ကိုယ်စားလှယ်တွေ တက်ရောက်ပြီး မြန်မာနိုင်ငံက လူမှုအဖွဲ့အစည်းတွေရဲ့ အခြေအနေနဲ့ပတ်သက်လို့ ဆွေးနွေးသွားခဲ့ကြတာ ဖြစ်ပါတယ်။

မြန်မာ့လူထုအခြေပြုအဖွဲ့အစည်းတွေ လက်ရှိ ရင်ဆိုင်နေရတဲ့ အခက်အခဲနဲ့စိန်ခေါ်မှုတွေ၊ ဒီအခက်အခဲတွေကို ကျော်လွှားနိုင်ဖို့အစိုးရက အရေးယူဆောင်ရွက်ပေးစေချင်တဲ့ကိစ္စတွေ အဓိကဆွေးနွေးခဲ့ကြတယ်လို့ ဆွေးနွေးပွဲ တက်ရောက်သူတဦးဖြစ်တဲ့ မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့က ဦးစိုးအောင်က ပြောပါတယ်။

"အဓိကထားပြီး ပြောချင်တဲ့အချက် ဘာလဲဆိုရင် မြန်မာနိုင်ငံမှာ ဟိုးရှေးကတည်းက ရှိထားတဲ့ ဥပဒေတွေကို လက်ရှိအစိုးရက ဆက်လက် ပြီးကျင့်သုံးနေတုန်းပဲ။ ဥပမာပေးရမယ်ဆိုလို့ရှိရင် အီလက်ထရွန်နစ်ဥပဒေတို့လို မတရားအသင်းပုဒ်မတွေ မဖျက်ပေးသေးဘူးလေ။အဲဒါတွေအပြင် လွှတ်တော်ကချလိုက်တဲ့ ဥပဒေထဲမှာလည်းအဲဒီဥပဒေတွေကို အသုံးချပြီးတော့မှလည်း ဆန္ဒပြမယ်ဆိုရင် လူတွေ ဖမ်းဆီး ထောင်ချခံနေရတယ်။

ဒါတွေက လက်ရှိ လွှတ်တော်ကနေ ချမှတ်ထားတဲ့ ဥပဒေသစ်တွေကို အသုံးပြုပြီး မတရားပြုလုပ်နေတဲ့ ဟာတွေပေါ့နော်။ အဲဒါတွေက လက်ရှိကြုံတွေ့နေရတဲ့ အခက်အခဲတွေ။ ဒုတိယအချက်ကအစိုးရတွေက ဘယ်လိုလုပ်ပေးသင့်သလဲ။ အဲဒီ မတရားတဲ့ ဥပ ဒေမှန်သမျှကို အသစ်ကောနဲ့ အဟောင်းက အမြန်ဆုံး ဖျက်သိမ်းဖို့ လိုအပ်တယ်။

တတိယအချက်ကကုလသမဂ္ဂကနေသတ်မှတ်ထားတဲ့ အထွေထွေဆုံးဖြတ်ချက်တွေက အများကြီးရှိတယ်။ မြန်မာနိုင်ငံက ကုလသမဂ္ဂရဲ့ စနစ်ထဲမှာရှိနေတုန်းပဲ။ ကုလသမဂ္ဂအချက်တွေအပေါ်မှာကို မပြောနဲ့ မြန်မာအစိုးရကိုယ်စားလှယ် နိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်က ပြီးခဲ့တဲ့ ကုလသမဂ္ဂအထွေထွေညီလာခံမှာ လူအခွင့်အရေးချိုးဖောက်မှုတွေကို ဝန်မခံတဲ့အပြင် မြန်မာနိုင်ငံမှာ လူအခွင့်အရေးချိုးဖောက်မှုတွေ မရှိပါဘူးဆိုပြီး ပြောင်ငြင်းခဲ့တာတွေ သာဓကတွေ ဆက်ရှိနေတုန်းပဲပေါ့။

အဲဒီလို ကိစ္စမျိုးတွေ ဆက်ဖြစ်နေအုံးမယ်ဆိုရင် ဆုံးဖြတ်ချက်တွေဘယ်လောက်ပဲချချ ဆုံးဖြတ်ချက်တွေက စည်းနှောင်မှု မရှိဘူးဆိုရင် ဘယ်လိုမှ အကျိုးသက်ရောက်မှုတွေ ရှိမှာမဟုတ်ဘူးလို့ မြင်တယ်။"

အာရှဒီမိုကရေစီကွန်ရက် ဆွေးနွေးပွဲမှာ ပြီးခဲ့တဲ့ စက်တင်ဘာ ကုလသမဂ္ဂ လူအခွင့်အရေးကောင်စီက လူမှုအဖွဲ့အစည်းတွေနဲ့ချမှတ်ထားတဲ့ ဆုံးဖြတ်ချက်အပေါ် သုံးသပ်မှုတွေလည်း ပြုလုပ်ခဲ့ကြတယ်လို့ သိရပါတယ်။

ဒါ့အပြင် ၂၀၁၄ ခုနှစ်မှာ မြန်မာက အာဆီယံဥက္ကဋ္ဌအဖြစ်တာဝန်ယူတဲ့အချိန် အာဆီယံ လူမှုအဖွဲ့အစည်းညီလာခံနဲ့ အာဆီယံလူထုဖိုရမ်ကို ကျင်းပတဲ့အခါမှာ ပြည်သူလူထုအခြေခံတဲ့ လူမှုအဖွဲ့ အစည်းက ဦးဆောင်မလား၊ အစိုးရရဲ့လက်ဝေခံလူမှုအဖွဲ့အစည်းတွေက ဦးဆောင်ကျင်းပတဲ့ ညီလာခံဖြစ်လာမလားဆိုတာ ကို နိုင်ငံတကာ လူမှုအဖွဲ့အစည်းတွေက စောင့်ကြည့်ပြီး တရားမျှတအောင် အကူအညီပေးဖို့လိုတဲ့ အကြောင်း ဆွေးနွေးခဲ့တယ်လို့ ဦးစိုးအောင်က ပြောပါတယ်။

အေအန်ဒီအဖွဲ့မှာ အာရှရွေးကောက်ပွဲများ လေ့လာစောင့်ကြည့်ရေး၊ ကိုးရီယားဒီမိုကရေစီကွန်ရက်၊ အာရှ စာနယ်ဇင်းမိတ်ဖက်များ မဟာမိတ်အဖွဲ့တို့လို အဖွဲ့တွေ ပါဝင်နေတာလည်း ဖြစ်ပါတယ်။

ကေအိုင်အို‌နဲ့ အစိုးရကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်နေစဉ် တိုက်ပွဲတွေ ဖြစ်

DVB၊ အောက်တိုဘာ ၂၄ ။ ။ ကချင်ပြည်လွတ်မြောက်အဖွဲ့ ကေအိုင်အို (ကချင်လွတ်မြောက်ရေးအဖွဲ့)နဲ့အစိုးရအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ တွေကျင်းပပြီး သီတင်း ၂ ပတ်တောင် မကြာသေးခင်မှာ နှစ်ဖက်တပ်ဖွဲ့ တွေအကြား တိုက်ပွဲတွေ ပြန်လည်ဖြစ်ပွားနေပါတယ်။

အစိုးရတပ်ရဲ့ စစ်ရေးလှုပ်ရှားမှုနဲ့ပတ်သက်ပြီး မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကို အကြောင်းကြားမှုတွေ လုပ်နေတဲ့အချိန်မှာပဲ KIO တပ်မဟာ ၃ နယ်မြေ ဗန်းမော် မန်စီမြို့နယ်နဲ့ရှမ်းပြည်မြောက်ပိုင်း မဘိမ်းမြို့နယ်တွေမှာ တိုက်ပွဲတွေဖြစ်ပွားနေတယ်လို့ကချင်လွတ်လပ်ရေး တပ်မတော်က ပြောပါတယ်။ ဒီတိုက်ပွဲတွေနဲ့ပတ်သက်ပြီး KIO ငြိမ်းချမ်းရေးဖော် ဆောင်ရေးအလုပ်အဖွဲ့က ပြောခွင့်ရသူဦးဒေါင်ခါးကို မေးကြည့်တော့ ခုလိုဖြေ ပါတယ်။

"စကခ ၂၁ က တပ်ရင်း ၁၀ ရင်းက အဲဒီဘက်မှာ လေ့ကျင့်ရေး ပုံစံမျိုးလုပ်နေတယ်။ သူတို့ရဲ့လှုပ်ရှားမှုတွေက ထူးခြားနေတဲ့ အနေအထားရှိတော့ ကျနော်တို့ ကေအိုင်အေဘက်ကနေ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဂျီ ၁ ကို အကြောင်းကြားတယ်။

သွားကြောင်းကြားတဲ့ အချိန် ပြောနေတုန်းမှာ ရှေ့တန်းက စစ်ကြောင်းတွေ အသုံးချသွား၊ အဲဒီလိုနဲ့ ထိတွေ့မှုဖြစ်သွားတာ။ ကျနော် တို့ဘက်ကနေ တမင်တကာရည်ရွယ်ရှိရှိလုပ်တာ ဘာမှမရှိဘူး။ အစိုးရ စစ်ကြောင်းက လှုပ်ရှားသွားလာရင်းက သေနတ်တွေဖောက်တယ်၊ အမြောက်တွေပစ် အဲဒီလိုမျိုးတွေ ဖြစ်နေတယ်။"

တိုက်ပွဲတွေကြောင့် အောင်ဂျာအိုင်ဒီပီစခန်းက ဒုက္ခသည်တွေ အခက်အခဲကြုံနေရတယ်လို့ဆိုပါတယ်။

"လူဦးရေ ၁၀၀၀ နီးပါးရှိတဲ့ အောင်ဂျာအိုင်ဒီပီစခန်းက ဒုက္ခသည်တွေ ဒုက္ခရောက်နေတယ်။ အဲဒီအောင်ဂျာဒေသက ၂၀၁၁ က တည်းက စစ်ဖြစ်နေတဲ့ဒေသဖြစ်တယ်။ ပြည်သူတွေက အောင်ဂျာဒေသမှာ ဒုက္ခသည်စခန်းအနေနဲ့ ၂ နှစ်နေထိုင်ကြတယ်။

စကခ ၂၁ တပ်ရင်းတွေရဲ့လှုပ်ရှားမှုကြောင့် တနေ့က အမြောက်ကျည်ဆန် ၆၀ မမ ၅ ချက်ပစ်တယ်။ ရွာသူရွာသားတွေက ကြောက်ပြီး ထွက်ပြေးကြတယ်။ ထွက်မပြေးနိုင်တဲ့ ရွာသားအယောက် ၆၀ဝကျော်တယ်။အဲဒီအယောက်၆၀ဝကျော်ကိုအပြင်ထွက်မရအောင် ဘုရားကျောင်းထဲမှာ ထည့်ထားကြတယ်။"

ကေအိုင်အေအနေနဲ့ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်က ဂျီ ၁ နဲ့ဆက်သွယ်ပြီး ပြဿနာကို အမြန်ဆုံး ငြိမ်းအောင်လုပ်နေတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ ခေါင်းဆောင်တဦးဖြစ်တဲ့ ဝန်ကြီးဦးအောင်မင်းရုံးကိုလည်း သတင်းပို့ပြီး ရှေ့တန်းတပ်တွေ ရပ်တန့်ဖို့ပြောထားတယ်လို့ ဦးဒေါင်ခါးက ပြောပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာလ ၁၅ ရက်နေ့လောက်ကတည်းက တိုက်ပွဲတွေ ဖြစ်ပွားခဲ့တာကြောင့် ကလေးငယ် ၁ ဦး သေဆုံးပြီး ၂ ဦးထိ ခိုက်ဒဏ်ရာရပါတယ်။ ဒါ့အပြင် အောင်ဂျာအိုင်ဒီပီစခန်းမှာ ပြီးခဲ့တဲ့ရက်ပိုင်းက အစိုးရတပ်ကနေပြီး လက်နက်ကြီးတွေနဲ့ပစ်ခတ်ခဲ့မှုကြောင့် ရွာသားတွေ ထွက်ပြေးတိမ်းရှောင်ခဲ့ရသလို ထွက်မပြေးနိုင်တဲ့သူတွေ ကိုလည်း ဘုရားကျောင်းမှာ စီစဉ်ပေးထားတယ်လို့ဆိုပါတယ်။

ကချင် အမျိုးသားအစည်းအရုံးကတော့ ခုလို ဒေသခံရွာသားတွေကို ပစ်မှတ်ထားပြီး တိုက်ခိုက်တဲ့ပေါ်မှာ ရှုတ်ချလိုက်ပြီး ဒါဟာ အစိုးရအနေနဲ့ ကေအိုင်အိုနဲ့ သဘောတူညီချက်တွေကို ချိုး ဖောက်တာလို့ပြောပါတယ်။

"ကျမတို့ သိရသလောက် မြန်မာ့တပ်မတော်က တပ်အင်အား ၁,၀၀၀ ကျော်နေရာယူပြီး အခုလိုမျိုး ထိုးစစ်ဆင်တာဖြစ်တယ်။ ဒါက ထိပ်တိုက်တွေ့ပြီး တိုက်တာမဟုတ်ပဲ စစ်ဆင်ရေး ထိုးစစ်ပုံစံမျိုး တိုက်တဲ့အတွက် ဒါဟာ လူသားမဆန်ဘူး။ မြန်မာအစိုးရက ငြိမ်းချမ်းရေးကို အလေးမထားဘူးဆိုတာ ပြသလိုက်တာပဲဖြစ်တယ်။"

ဒုံအပြင် နိုင်ငံတကာရှေ့မှာ ငြိမ်းချမ်းရေး သဘောတူထားတဲ့ ကြားက ချိုးဖောက်တာဖြစ်တဲ့အတွက် နိုင်ငံတကာအနေနဲ့ အစိုးရရဲ့ထိုး စစ်ဆင်မှု ချက်ချင်း ရပ်တန့်သွားအောင် လုပ်ဆောင်ပေးဖို့လည်းကချင် အမျိုးသားအစည်းအရုံးက တိုက်တွန်းပါတယ်။

ဒီတိုက်ပွဲတွေနဲ့ပတ်သက်ပြီး နိုင်ငံပိုင် မီဒီယာတွေကရော၊ အစိုးရတာဝန်ရှိသူတွေကရော ထုတ်ဖော်ပြောဆိုခြင်း မရှိသေးပါဘူး။

ဥပဒေပြင်တာ သမတလုပ်ချင်၍မဟုတ်

RFA၊ အောက်တိုဘာ ၂၄ ။ ။ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ချင်တာဟာ သမ္မတဖြစ်ဖို့ဆိုတဲ့ ရည်မှန်းချက်အတွက် မဟုတ်ဘဲ၊တိုင်းပြည်ကို ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်စေချင်တာကြောင့် ဖြစ်တယ် လို့ ငြိတိန်နိုင်ငံကို ရောက်ရှိနေတဲ့ ဒေါ်အောင်ဆန်းစုကြည်က ပြောလိုက်ပါတယ်။ လန်ဒန်မြို့ ဘီဘီစီ Radio 4 အစီအစဉ်က ဒီကနေ့ ထုတ်လွှင့်တဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ဒေါ်အောင်ဆန်းစုကြည်ကအခုလို ပြောလိုက်တာပါ။

မြန်မာနိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်နေပြီဆိုပြီး အလွယ်တကူ ပြောဆိုနေကြတာဟာ မမှန်ကန်တဲ့အကြောင်းနဲ့၊လက်ရှိ အခြေခံဥပဒေ ဟာ မြန်မာ့နိုင်ငံရေးမှာ စစ်တပ်ရဲ့အခန်းကဏ္ဍအာမခံချက်ရှိအောင် ရေးဆွဲခဲ့တာလို့ ဒေါ်အောင်ဆန်းစုကြည်ကပြောပါတယ်

ဒုံပြင် မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်ပဋိပက္ခတွေနဲ့ ပတ်သက်လို့ မေးမြန်းရာမှာ ဒေါ်အောင်ဆန်းစုကြည်က 'ဒီအကြမ်းဖက်ပဋိပက္ခတွေဟာ နှစ်ဖက်စလုံးမှာရှိနေတဲ့ အကြောက်တရားတွေကြောင့် ဖြစ်ပွားခဲ့တဲ့အကြောင်း၊ မွတ်ဆလင်တွေသာ အကြမ်းဖက်ခံရတာမဟုတ်ဘဲ ဗုဒ္ဓဘာသာဝင်တွေ အကြမ်းဖက်ခံရတာတွေလည်း ရှိနေကြောင်း' ဖြေကြားခဲ့ပါတယ်။ ကမ္ဘာမှာ မွတ်ဆလင်အင်အားဘယ်လောက်ကြီးမားတယ်ဆိုတာဟာ အားလုံးက သိထားတဲ့အချက်ဖြစ်တယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ မြန်မာနိုင်ငံက အကြမ်းဖက် ပဋိပက္ခတွေနဲ့ပတ်သက်လို့ မိမိတို့ အတိုက်အခံ နိုင်ငံရေးလှုပ်ရှားသူတွေကိုပဲ မေးမယ့်အစား လက်ရှိအစိုးရရဲ့မူဝါဒကို တိုက်ရိုက်မေးမြန်းသင့်တဲ့အကြောင်းလည်း ဘီဘီစီက တွေ့ဆုံမေးမြန်းသူကို ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ပြော ကြားခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ မနေ့ကလဲ ငြိတိသျှဝန်ကြီးချုပ်ဒေးဗစ် ကင်မရွန်း၊ နိုင်ငံတကာ ဖွံ့ဖြိုးရေးဝန်ကြီး ဂျက်စတင် ဂရင်းနင်းတို့နဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ အဲဒီလို တွေ့ဆုံချိန်အတွင်း ရန်ကုန်မြို့က ကုတင် ၁၅၀၀ ဆန့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြန်လည်ပြင်ဆင်မွမ်းမံရေးအစီအစဉ်နဲ့ ပတ်သက်လို့ ဆွေးနွေးခဲ့ကြပါတယ်။ တွေ့ဆုံပွဲအပြီးမှာ ငြိတိန်နိုင်ငံက မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် ငြိတိန်စတာလင်ပေါင်သန်း ၅၀ ကျည်ပေးမယ့်အကြောင်း ကတိပေးခဲ့တယ်လို့ သိရပါတယ်။

အာဆီယံဥက္ကဋ္ဌ မြန်မာအတွက် ဟန်ဂေရီ အစိုးရ ကူညီထောက်ပံ့ပေးမည်

RFA ၊ အောက်တိုဘာ ၂၅ ။ ။ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ယူ ဆောင်ရွက်တာ ကို ထောက်ခံအားပေးကူညီတဲ့အနေနဲ့ ဥရောပတိုက် ဟန်ဂေရီနိုင်ငံက အမေရိကန်ဒေါ်လာ ၄ သောင်းကျော် တန်ဖိုးရှိတဲ့ အ ဆင့် မြင့်ကွန်ပျူတာ အထောက်အကူပြုပစ္စည်းတွေ ဒီနေ့ ပေးအပ်လှူ ဒါန်းလိုက်ပါတယ်။

အီးယူဥရောပသမဂ္ဂ ဥက္ကဋ္ဌလုပ်ခဲ့ဖူးတဲ့ ဟန်ဂေရီနိုင်ငံက မြန် မာနိုင်ငံကို အခုလို အကူအညီပေးဖို့ ထိုင်းနိုင်ဆိုင်ရာ ဟန်ဂေရီသံအ မတ်ကြီး Mr. Danes TOMAJ ဦးဆောင်တဲ့အဖွဲ့ဟာ ဘန်ကောက်မြို့ မြန်မာသံရုံးမှာ ဒီနေ့ သဘောတူစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့တယ် လို့ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းက ပြောပါတယ်။

"လာမယ့်နှစ် ၂၀၁၄မှာ မြန်မာ့နိုင်ငံ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်တဲ့အခါ မှာ မြန်မာရဲ့ နိုင်ငံရေး၊ စီးပွားရေးပြုပြင် ပြောင်းလဲမှုကို ထောက်ခံတဲ့အနေနဲ့ ထောက်ခံတာကိုပြတဲ့ အနေနဲ့ ပေါ့နော် အာဆီယံအလှည့်ကျဥက္ကဋ္ဌ လုပ်တဲ့အခါမှာ အောင်မြင်အောင် တတ်နိုင်သမျှ ဘက်စုံထောင့်စုံကနေ ကူညီတယ်ပံ့ပိုးတယ်ဆိုတဲ့ဟာ လေး၊ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ကျတော့ အာဆီယံဥက္ကဋ္ဌ

ပြည်လုံးကျွတ်အပစ်ရပ်ရေးမူကြမ်းရေး

RFA ၊ အောက်တိုဘာ ၂၄ ။ ။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော် ဆောင်မှု လုပ်ငန်းကော်မတီက ဦးဆောင်ပြီး လာမယ့် နိုဝင်ဘာလမှာ ကျင်းပဖို့ပြင်ဆင်နေတဲ့ နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး လက် မှတ်ရေးထိုးပွဲမှာ ပါဝင်မယ့်အချက်တွေနဲ့ ပတ်သက်ပြီး အစိုးက မူကြမ်း ရေးဆွဲထားပြီးဖြစ်တယ်လို့ မြန်မာငြိမ်းချမ်းရေးစင်တာရဲ့ တာဝန်ရှိသူ တွေက ဒီနေ့ ပြောလိုက်ပါတယ်။

ရန်ကုန်မြို့ ပန်ဒါဟိုတယ်မှာကျင်းပတဲ့ အရပ်ဖက်လူမှုအဖွဲ့စည်း တွေရဲ့ ငြိမ်းချမ်းရေးဖိုရမ် မှာ ဆွေးနွေးပွဲကိုတက်ရောက်လာတဲ့ မြန်မာ ငြိမ်းချမ်းရေးစင်တာအကြံပေး ဦးလှမောင်ရွှေက ခုလို ပြောပါတယ်။

"အကြမ်းအားဖြင့် ဦးတည်ချက်နဲ့ ရပ်တည်ချက်ဆိုတာတွေ့ပါ တယ်၊ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ လမ်းညွှန်ချက်စည်း မျဉ်းများတွေ့ပါတယ်၊ ပြန်လည်နေရာချထားရေး၊ လွှတ်လပ်စွာသွား လာခွင့်၊ ဆက်ဆံရေးရုံးများဖွင့်ထားခြင်း၊ လူအခွင့်အရေးကာကွယ် စောင့်ရှောက်ခြင်း၊ ငြိမ်းချမ်းရေးနဲ့ နိုင်ငံရေးဆွေးနွေးရေးကော်မတီ၊ ပူး တွဲအပစ်အခတ်ရပ်စဲရေးကောမတီ စသည်တို့ကို တင်ပြထားတာတွေ့ ရပါတယ်"

ဒါ့အပြင် အပစ်ခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပွဲကနေရရှိ လာတဲ့ အချက်တွေကို လွှတ်တော်မှာတင်ပြ အတည်ပြုနိုင်ဖို့ကိုလည်း ပြင်ဆင်နေတယ်လို့ သိရပါတယ်။ တချိန်တည်းမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ဖွဲ့ စည်းထားတဲ့ UNFC ခေါ် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီကလည်း အလားတူမူကြ မ်းတခုရေးဆွဲထားပြီးဖြစ်တယ်လို့ သိရပါတယ်။

လာမယ့် အောက်တိုဘာလ ၃၀ ဝန်းကျင်မှာလည်း ကေအိုင် အို့ဌာနချုပ် လိုင်ဇာမြို့မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့ တွေ့ဆုံပြီး ညီလာခံကျင်းပမှာဖြစ်တယ်လို့ သိရပါတယ်။

တာဝန်ထမ်းဆောင်ဖို့အတွက် ဘက်စုံထောင့်စုံကနေ ပြင်ဆင်နေတဲ့အ ခါမှာ ကွန်ပျူတာနဲ့ အင်တာနက်ပေါ့နော် online ကနေပြီးတော့မှ အာ ဆီယံနိုင်ငံအချင်းချင်း ဆက်သွယ်ဖို့၊ တခြားဆွေးနွေးဘက်နိုင်ငံတွေ နဲ့ဆက်သွယ်ဖို့ဆိုတာမှာ ဒါအလွန်အသုံးကျပါတယ်၊"

"ကျနော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ အားဖြည့်ပေးတဲ့သ ဘောဖြစ်သွားတာပေါ့နော်၊ မြန်မာ့ရဲ့အာဆီယံဥက္ကဋ္ဌ ပြင်ဆင်မှုအပိုင်း မှာ ဒါလေးတွေကတော်တော်လေး ကျနော်တို့ ပြင်ဆင်မှုမှာပိုပြီးတော့ ပြီး မြောက်စေတဲ့အနေ အထားတွေရပါတယ်"

ဒါ့အပြင် မြန်မာပညာတော်သင် အယောက် ၉၀ ကို သုံးနှစ် စီမံ ကိန်းနဲ့ ဟန်ဂေရီနိုင်ငံမှာ ပညာသင်ကြားခွင့် စကောလားရှစ်အကူအ ညီရရှိအောင် များမကြာခင်မှာ နှစ်နိုင်ငံဝန်ကြီးအဆင့်နားလည်မှုစာချွန် လွှာ လက်မှတ်ရေးထိုးဖို့ရှိတယ်လို့လည်း သံအမတ်ကြီး ဦးတင်ဝင်းက ပြောပါတယ်။

"အဓိကအားဖြင့် ပညာသင်ဆုပေါ့ Hungarian ပညာသင်ဆု ၉၀ ပေးဖို့ရှိတယ်လို့ သိရပါတယ်၊ အဲဒါက ၃ နှစ် စီမံကိန်းပေါ့၊ ၃ နှစ် စီမံကိန်းဆိုတာ တစ်နှစ်ကိုမြန်မာပညာသင် ၃၀၊ သုံးနှစ်ဆက်တိုက် ပေးဖို့ပေါ့ သူတို့စီစဉ်ထားတယ်။ ရိုးရိုးဘွဲ့ပေါ့နော် Bachelor Degree တို့ master Degree တို့၊ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နေ တဲ့အခါမှာလူသားအရင်းအမြစ်တွေဖွံ့ဖြိုးတိုးတက်အောင်အထူးသဖြင့် ပညာရေးကဏ္ဍမှာ ကူညီပံ့ပိုးပေးတဲ့ အနေအထားလေးတွေ ဖြစ်တာ ကိုတွေ့ရပါတယ်"

ဒီကနေ့စာချွန်လွှာ လက်မှတ်ရေးထိုး လွှဲပြောင်းလှူဒါန်းတဲ့အ ခမ်းအနားကို မြန်မာသံအမတ်ကြီးဦးတင်ဝင်းနဲ့အတူ၊ စစ်သံမှူး ဗိုလ် မှူးကြီးဝင်းမောင်၊ သံမှူးကြီးများဖြစ်ကြတဲ့ ဦးမျိုးတင့်နဲ့ ဦးအောင်မြင့် တို့အပါအဝင် မြန်မာအရာရှိများလည်း တက်ရောက်ခဲ့ကြပါတယ်။

ဝန်ကြီးဌာနတချို့ ဘတ်ဂျက်တောင်း

RFA ၊ အောက်တိုဘာ ၂၅ ။ ။ ပြည်ထောင်စုဝန်ကြီးဌာနတချို့ နိုင်ငံတော် ဘဏ္ဍာငွေ အသုံးစရိတ်တောင်းခံရာမှာ ငွေကြေးပမာဏ များလွန်း တာကြောင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနဲ့ မကိုက်ညီဘူး လို့ အမျိုး သားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ဒီနေ့ ပြည်ထောင်စု လွှတ် တော် အစည်းအဝေးမှာ တင်ပြခဲ့ပါတယ်။

ဘဏ္ဍာရေးဝန်ကြီးဌာနက တင်ပြလာတဲ့ လာမယ့် ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အသုံး စရိတ်တောင်းခံတာတွေဟာ များလွန်းနေတယ်လို့ မွန္တလေးတိုင်းဒေသ ကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့်ကဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။

အသုံးစားရိတ် တောင်းခံတာများလွန်းနေတဲ့ ဝန်ကြီးဌာနတွေ ထဲမှာ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ ကာကွယ်ရေး ဝန်ကြီးဌာနနဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပါဝင်တယ်လို့ ဆိုပါ တယ်။ လာမယ့်ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံး စွဲရေး ဥပဒေကြမ်းအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အ စည်းတွေကလည်း ပြန်လည်ရှင်းလင်းဆွေးနွေးကြဦးမှာ ဖြစ်ပါတယ်။

ပုံဖောက်ခွဲသူတွေရဲ့ ရည်ရွယ်အပေါ် ကောအဲန်ယူနဲ့ အစိုးရတို့ ရှင်းလင်းချက် ကွဲလွဲနေ

Mizzima၊ အောက်တိုဘာ ၂၁ ။ ။ အောက်တိုဘာ ဒုတိယပတ်မှ စတင်ဖြစ်ပေါ်ခဲ့သည့် ပုံဖောက်ခွဲမှုများမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို နောင့်ယှက်ဖျက်ဆီးလိုသည့်သဘောဖြင့် ပြုလုပ်သည်ဟု အစိုးရဘက်က ပြောဆိုထားသော်လည်း ဘာသာရေး၊ လူမျိုးရေးပဋိပက္ခများ ကြီးထွားအောင်လုပ်ဆောင်သည်ဟု KNU (ကရင်အမျိုးသားအစည်းအရုံး) က သုံးသပ် ပြောဆိုလိုက်သည်။

ပုံဖောက်ခွဲမှုများတွင် ပါဝင်ပတ်သက်သူ ရှစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းမိထားပြီဖြစ်ပြီး ၎င်းတို့၏ ဝန်ခံထွက်ဆိုမှုအပေါ် အစိုးရနှင့် KNU တို့၏ ရှင်းလင်းချက်မှာ အထက်ပါအတိုင်း ကွဲလွဲနေခြင်းဖြစ်သည်။

"လူမျိုးရေးပဋိပက္ခ၊ ဘာသာရေးပဋိပက္ခကို ပြန်လည်ဖြစ်ပွားအောင် ဒီလိုရည်ရွယ်ချက်ရှိတယ်လို့ ကျွန်တော်ကတော့ သုံးသပ်မိပါတယ်။ စီးပွားရေးရင်းနှီးမြှုပ်နှံမှုကို ထိခိုက်အောင် ဆိုတာကတော့ အပေါ်ယံပြထားတဲ့ကိစ္စလို့ပဲ ကျွန်တော်တို့က သုံးသပ်ပါတယ်" ဟု KNU ၏ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ပဒို မန်းငြိမ်းမောင်က ပြောသည်။

ပုံပေါက်ကွဲမှုများနှင့်ပတ်သက်ပြီး အောက်တိုဘာ ၂၀ ရက်က ရန်ကုန်ရှိ မြန်မာ့ငြိမ်းချမ်းရေးစင်တာ (MPC) တွင် KNU ဘက်မှပဒို့မန်းငြိမ်းမောင်နှင့် ပဒို့စောရွှေမောင်းတို့မှ ရှင်းလင်းပွဲပြုလုပ်စဉ် ယင်းကဲ့သို့ ပြောဆို လိုက်ခြင်းဖြစ်သည်။

အဆိုပါ ပုံဖောက်ခွဲမှုနှင့် ပါဝင်ပတ်သက်သူများကို ရဲတပ်ဖွဲ့ကစစ်ဆေးရာတွင် KNU နှင့် ဆက်စပ်မှုရှိသည်ဟု ထွက်ဆိုထားသည့်အတွက် KNU ကိုလည်း စစ်ဆေးခွင့်ပြုခဲ့ရာမှ ရရှိသော အချက်အလက်များကို KNU က ယခုကဲ့သို့ ရှင်းလင်းခြင်းဖြစ်သည်။

အောက်တိုဘာ ၁၈ ရက်က အစိုးရဘက်မှ ရန်ကုန်တိုင်းအစိုးရအဖွဲ့ရုံးတွင် သတင်းစာရှင်းလင်းပွဲတရပ် ပြုလုပ်ခဲ့ပြီး ပုံဖောက်ခွဲရန် စေခိုင်းသူမှာ KNU နှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းတခုမှ တာဝန်ခံဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဟန့်တားရန် ဖမ်းဆီးခံထားရသူများက ထွက်ဆိုထားသည်ဟု မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ချုပ်ရဲချုပ်ဇော်ဝင်းက ရှင်းလင်းပြောဆိုထားသည်။ ဘာသာရေးနှင့် ပတ်သက်ကြောင်း တစုံတရာ ပြောဆိုခြင်း မရှိခဲ့ပေ။

ဖမ်းမိထားသည့် တရားခံများကို KNU မှ စစ်ဆေးမေးမြန်းချက်အရ ပဒို့မန်းငြိမ်းမောင်က "သာသနာ့နိကာ အဆောက်အအုံတွေအဓိကပစ်မှတ်ထားပြီးတော့ ရွှေတိဂုံဘုရားကြီးမှာတောင် ဖောက်ခွဲဖို့စဉ်းစားပါတယ်။ ဗုဒ္ဓဘာသာရဲ့ ဘာသာရေးအထွတ်အမြတ် အဆောက်အအုံကိုတောင် ဖောက်ခွဲလိုက်မယ်ဆိုလို့ရှိရင် အနည်းဆုံးတော့ ပြေငြိမ်းနေတဲ့ပဋိပက္ခတွေကို ပြန်လည်ပြီးတော့ ဖော်ဆောင်တယ်၊ ဖန်တီးတယ်လို့ သုံးသပ်တွေ့ရှိရတယ်"ဟု ပြောဆို သည်။

သို့သော်လည်း အဆိုပါ ပုံဖောက်ခွဲရန် စေခိုင်းသူဟု ရဲက သံသယရှိနေသည့် စောနေတိုး(ခ)စောရွှေထူးကို လက်ရှိအချိန်ထိဖမ်းမိနိုင်ခြင်း မရှိသေးပေ။ စောရွှေထူးမှာ KNU ၏ အောက်ခြေတွင်ရှိသည့် မြို့နယ်အဆင့် စီးပွားရေးလုပ်ငန်းမှ တာဝန်ခံဖြစ်သည်ကို ပဒို့မန်းငြိမ်းမောင်က အတည်ပြုပြောဆိုသည်။

ယင်းကိစ္စနှင့်ပတ်သက်၍လည်း ပဒို့မန်းငြိမ်းမောင်က "KNU နဲ့ပတ်သက်တဲ့ အဖွဲ့ဝင်တယောက် လုပ်ဆောင်ပြီဆိုရင် တာဝန်ရှိတာပေါ့။ ကျွန်တော်တို့တာဝန်ယူရမယ်၊ တာဝန်ခံရမယ်။ ကျွန်တော်တို့ဒါကို တရားမျှတစွာ ဖော်ထုတ်သွားမယ်၊ အရေးယူ ဆောင်ရွက်သွားမယ်။ နိုင်ငံတော်နဲ့ ပူးပေါင်းဆောင်ရွက်မယ်လို့ ကျွန်တော်တို့ KNU ရဲ့ သဘောထားကို ပြောပြီးသားပါ"ဟု ၎င်းက ဆိုသည်။

သို့သော် ယခုအတောအတွင်း ဖြစ်ခဲ့သည့် ပုံပေါက်ကွဲမှုဖြစ်စဉ်များမှာ KNU ၏ သဘောထားမဟုတ်ဟုလည်း ပဒို့မန်းငြိမ်းမောင်က ပြောသည်။ယခုလ၉ရက်မှစပြီးတောင်ငူ၊ရန်ကုန်၊မန္တလေး၊စစ်ကိုင်းနှင့် နမ့်ခမ်းတို့တွင် ပုံပေါက်မှုနှင့် ပုံတွေ့ရှိမှုများ ဆယ်ကြိမ်ထက်မနည်း ဖြစ်ခဲ့ပြီး ပုံပေါက်မှုကြောင့် အနည်းဆုံး လူ ၃ ဦး သေဆုံးခဲ့သည်။ ယင်းအပြင် ပုံးလန့်မှုများသည်လည်း ဆက်တိုက်ဆိုသလို ဖြစ်ပွားနေသေးသည်။

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်ကျင်းပမည့် ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲကိုလည်း ယခုနှစ် ဒီဇင်ဘာလ အတွင်း ကျင်းပရန်ရှိနေသေးရာ နိုဝင်ဘာလအတွင်းတွင် ၆ ဘီလီယံ တန်ဖိုးရှိသည့် လုံခြုံရေးပစ္စည်းကိရိယာများကိုလည်း ဝယ်ယူ တပ်ဆင်ရန် အစိုးရကစီစဉ်နေသည်။

"နောက်လထဲမှာ ၆ ဘီလီယံကျပ် တန်ဖိုးရှိ နည်းပညာအထောက်အကူပစ္စည်းတွေ ဝယ်ယူတပ်ဆင်ပြီးတော့ ပြည်သူလူထုရဲ့ လုံခြုံရေး၊ နိုင်ငံတော်ရဲ့ လုံခြုံရေးတွေ စီစဉ်ထားပြီးဖြစ်ကြောင်း ရှင်းလင်းလိုပါတယ်"ဟု ရဲချုပ်ဇော်ဝင်းကအောက်တိုဘာ ၁၈ ရက်က ပြောဆိုထားသည်။

ငြိမ်းချမ်းရေးကိစ္စ ကရင် ဒေသခံပြည်သူတွေနဲ့ကောအဲန်ယူ တွေ့ဆုံ

RFA၊ အောက်တိုဘာ ၂၁ ။ ။ ကရင်အမျိုးသားအစည်းအရုံး KNU အဖွဲ့က သူတို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး ဒေသခံကရင်တိုင်းရင်းသားတွေရဲ့ သဘောထားကို သိနိုင်ဖို့အတွက် လာမယ့် အောက်တိုဘာလ ၂၄ ရက်နေ့မှာ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့က ဒေသခံပြည်သူတွေနဲ့ တွေ့ဆုံမယ်လို့ သိရပါတယ်။

အဲဒီလို သဘောထားဆန္ဒရယူဖို့အတွက် ကရင်အဖွဲ့အစည်းတွေနဲ့ ဖွဲ့ထားတဲ့ ကရင်စည်းလုံးရေးနဲ့ ငြိမ်းချမ်းရေးကော်မတီကတဆင့် ဆောင်ရွက်သွားမယ်လို့ ဆိုပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး ပြည်သူတွေရဲ့ သဘောထားဆန္ဒတွေကို မေးမြန်းဆွေးနွေးသွားမှာဖြစ်တယ်လို့ တက်ရောက်ဖို့ဖိတ်ကြားခံထားရတဲ့ မွန်ပြည်နယ်အစိုးရ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောကျော်အောင်သိန်းက ပြောပါတယ်။

"အဓိကကတော့ ငြိမ်းချမ်းရေး ကြိုဆိုထောက်ခံပွဲပေါ့နော်၊ အဆိုပြုထောက်ခံမှုလေးတွေကနေပြီးတော့ အတည်ပြုပေါ့နော်၊ ဒေသခံတွေရဲ့ တဦးချင်းတင်ပြချင်တဲ့ဟာလေးတွေ တဖက်နဲ့တဖက် ဆန္ဒသဘောထားလေးတွေ တွေ့ဆုံပြီးပြောကြ ဆိုကြပြီးတော့မှ ညှိနှိုင်းကြပေါ့၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အပြည့်အဝထောက်ခံတယ်ဆိုတဲ့ ပုံစံလေးမျိုးပေါ့"

အဲဒီပွဲကို ကရင်လက်နက်ကိုင် အဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေနဲ့ ပြည်ထောင်စုဝန်ကြီးတွေ တက်ရောက်ကြမှာဖြစ်ပါတယ်။

ကရင်ပြည်နယ် ဘားအံမြို့မှာ အခုနှစ် ဇူလိုင် က ကျင်းပခဲ့တဲ့ ကရင့်ရေးရာအစည်းအဝေးမှာ ကရင်လူမျိုးလွှတ်တော်ကိုယ်စားလှယ်တွေ၊ ကရင်နိုင်ငံရေးပါတီတွေက ပါတီဝင်တွေ၊ ကရင်တိုင်ရင်းသားလက်နက်ကိုင်အဖွဲ့တွေက ကိုယ်စားလှယ်တွေ စုပေါင်းပြီး ကရင်စည်းလုံးရေးနဲ့ ငြိမ်းချမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် အီတလီခရီးစဉ်အတွင်း ပုပ်ရဟန်းမင်းကြီးနဲ့တွေ့မည်

VOA၊ အောက်တိုဘာ ၂၇။ ။ ဥရောပ ၅ နိုင်ငံကို သီတင်းနှစ်ပတ်ကြာ ခရီးထွက်နေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ဟာ အီတလီနိုင်ငံ ရောမမြို့မှာ ရောက်ရှိနေပြီး တနင်္လာနေ့မှာတော့ ပုပ်ရဟန်းမင်း Francis နဲ့ တွေ့ဆုံမှာ ဖြစ်ပါတယ်။

ဒီကနေ့ပဲ ဗြိတိန်နိုင်ငံကနေ အီတလီနိုင်ငံကို ရောက်ရှိသွားတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ရောမမြို့မှာရှိတဲ့ သမိုင်းဝင်ကုန်သွယ်ရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ရှေးဟောင်းဈေးကြီးဖြစ်တဲ့ Trajan Market ကို သွားရောက်သလို ရောမဇကရာဇ် ဘုရင်တွေထဲက မင်းကောင်းမင်းမြတ် ဘုရင် ၅ ပါးထဲက တပါးလည်းဖြစ်၊ အတွေးအခေါ်ပညာရှင်လည်းဖြစ်တဲ့ Marcus Aurelius ရုပ်တုနဲ့ပြတိုက်တွေကိုလည်း သွားရောက်တာပါ။

အီတလီနိုင်ငံရေးဝန်ကြီး Emma Bonino- ရောမမြို့ မြို့တော်ဝန် Ignazia Marino တို့အပြင် ရောမမြို့ အုပ်ချုပ်ရေးမှူးတွေနဲ့တွေ့ဆုံပြီး ညစာစားပွဲ တက်ရောက်ဖို့ စီစဉ်ထားတာပါ။ တနင်္လာနေ့ မနက်ပိုင်းမှာတော့ သမ္မတ Giorgio Napolitano ဝန်ကြီးချုပ် Enrico Letta တို့အပြင် အစိုးရတာဝန်ရှိသူတွေနဲ့ တွေ့ဆုံကြမှာပါ။

ရောမမြို့တော် ၂ရက်ခရီးစဉ်အတွင်းမှာ ၁၉၉၄ ခုနှစ်ကတည်းက ရောမမြို့တော်ဝန် ရွှတီလီက ချီးမြှင့်ခဲ့တဲ့ ရောမမြို့တော်သူဆုကိုလက်ခံရယူမှာဖြစ်ပါတယ်။ ဒီဆုကို ဥရောပသမဂ္ဂက ချီးမြှင့်တဲ့ Sarakha ဆုနဲ့ နိဘဲလင်ငြိမ်းချမ်းရေးဆုတွေ ရအပြီးမှာ ရောမမြို့ဂုဏ်ထူးဆောင် မြို့တော်သူဆုကို ချီးမြှင့်ခဲ့တာ ဖြစ်ပါတယ်။

အဂ်ါနေ့မှာတော့ ဥရောပသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန် Piero Fassino မြို့တော်ဝန်အဖြစ်တာဝန်ထမ်းဆောင်နေတဲ့ တူရင်းမြို့မှာ ဂုဏ်ထူးဆောင်တူရင်းမြို့တော်သူဆုကို လက်ခံရယူမှာဖြစ်ပါတယ်။

အီတလီမြောက်ပိုင်းက ဘိုလော့ဒ်နာမြို့မှာလည်း ဂုဏ်ထူးဆောင်မြို့တော်သူ ဆုကို ဗုဒ္ဓဟူးနေ့မှာ လက်ခံရယူမှာ ဖြစ်သလို အော်လာမက်ခ်နာ တက္ကသိုလ်က ဘွဲ့နှင်းသဘင်အခမ်းအနားမှာ ဂုဏ်ထူးဆောင် ဒဿနိကဗေဒဘွဲ့ကို လက်ခံယူပါလိမ့်မယ်။ ဒီအခမ်းအနားတွေကို ရုပ်မြင်သံကြားကနေ တိုက်ရိုက်ထုတ်လွှင့်ပေးမှာလည်း ဖြစ်ပါတယ်။

ကြာသပတေးနေ့ အောက်တိုဘာ ၃၁ ရက်နေ့မှာတော့ ၂၀၀၇ ခုနှစ်ထဲက ဂုဏ်ထူးဆောင်မြို့တော်သူဆု ချီးမြှင့်ထားတဲ့ ပါမာမြို့ကို သွားရောက်ပြီးတော့ ပါမာတက္ကသိုလ်က ကျောင်းသားတွေကို မိန့်ခွန်းပြောမှာပါ။ ဒေါ်အောင်ဆန်းစုကြည်က သူ့ရဲ့ ဥရောပခရီးစဉ်ကို နိဝင်ဘာလ ၂ ရက်နေ့မှာ အဆုံးသတ်မှာ ဖြစ်ပါတယ်။

ဂုဏ်ထူးဆောင်ရောမ မြို့တော်ဆု ဒေါ်အောင်ဆန်းစုကြည် လက်ခံရယူ

RFA၊ အောက်တိုဘာ ၂၈ ။ ။ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ဟာ လွန်ခဲ့တဲ့ ၁၉ နှစ်ကတည်းက ချီးမြှင့်ခံထားရတဲ့ ဂုဏ်ထူးဆောင်ရောမမြို့တော်သူဆုကို အီတလီ နိုင်ငံမှာ မနေ့က လက်ခံရယူပါတယ်။

ဥရောပငါးနိုင်ငံခရီးလှည့်လည်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ဗြိတိန်နိုင်ငံကတဆင့် အီတလီနိုင်ငံကို ရောက်ရှိသွားပြီး ၁၉၉၄ ခုနှစ်က သူ့ကိုအပ်နှင်းထားတဲ့ ဂုဏ်ထူးဆောင်မြို့သူဆုကို လက်ခံရယူတာပါ။

လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်အတွင်း အချိန်အများစုဟာ နေအိမ်အကျယ်ချုပ်ဘဝနဲ့ နေရတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီဂုဏ်ထူးဆောင်ဆုကို ကိုယ်တိုင်လက်မခံနိုင်ခဲ့ဘဲ ခုမှလက်ခံရတာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရောမမြို့တော်ဝန် Ignazio Marino က နောက်ဆုံးတော့ လွတ်လပ်တဲ့ အမျိုးသမီးတစ်ဦးကို ရောမ မြို့ကဆုချီးမြှင့်နိုင်ပါပြီလို့ သူ့လူမှုရေးကွန်ရက် tweeter မှာ ရေးသားထားပါတယ်။

မြို့တော်ခန်းမမှာကျင်းပတဲ့ ဂုဏ်ဆောင်ဆုအပ်နှင်းတဲ့ အခမ်းအနားမှာ သူဘဝကို သူရွေးချယ်တာဖြစ်ပြီး စွန့်လွှတ်အနစ်နာခံတာ မဟုတ်ပါဘူးလို့ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီနေ့မှာ အီတလီသမ္မတ Giorgio Napolitano နဲ့ ဝန်ကြီးချုပ် Enrico Letta တို့နဲ့ တွေ့ဆုံပါမယ်၊ နိုင်ငံခြားရေးဝန်ကြီး Emma Bonino နဲ့လည်း ဒီနေ့တွေ့ဆုံပြီး ပူးတွဲသတင်းစာရှင်းလင်းပွဲကျင်းပမယ်လို့ အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနကသတင်း ထုတ်ပြန်ထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ဗာတီကန်နန်းတော်မှာ ပုပ်ရဟန်းမင်းကြီး Francis နဲ့လည်း ဒီနေ့တွေ့ဆုံပါမယ်။ လူ့အခွင့်အရေးလှုပ်ရှားသူတဦးအဖြစ်ပုပ်ရဟန်းမင်းကြီးက တွေ့ဆုံမှာဖြစ်ပြီး အာရှနဲ့ တံတားခင်းဖို့ဖြစ်တယ်လို့ သတင်းတရပ်က ဖော်ပြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ မနက်ဖြန်မှာ ဂုဏ်ထူးဆောင် Turin မြို့သူဆု၊ အောက်တိုဘာ ၃၀ ဂုက်မှာ ဂုဏ်ထူးဆောင် Bologna ဘိုလော့ဒ်နာမြို့သူဆုနဲ့ အောက်တိုဘာ ၃၁ ရက်မှာ ဂုဏ်ထူးဆောင် Parma မြို့သူဆုကို လက်ခံရယူပါမယ်။

စာမျက်နှာ ၁၀ မှ

မနေ့တုန်းကလုပ်တဲ့ အဲဒီသတင်းစာရှင်းလင်းပွဲမှာတော့ ဥရောပပါလီမန်ရဲ့ ၁၉၉၀ Sakharov ဆုရှင် ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ ဥရောပပါလီမန် ဥက္ကဋ္ဌ Martin Schulz လည်း အတူ ပါဝင်ပေမဲ့၊ သတင်းထောက်တွေ ဒေါ်အောင်ဆန်းစုကြည်ကိုပဲ ဦးတည်မေးခဲ့တာမို့ ဒေါ်အောင်ဆန်းစုကြည်ကပဲ အဓိက ဖြေကြားသွားပါတယ်။

ဥရောပပါလီမန်အနေနဲ့မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီရေးကိုအပြည့်အဝထောက်ခံခဲ့သလို၊ ဆက်ပြီး ထောက်ခံသွားမှာဖြစ်တယ်။ ဒါပေမဲ့ အခြေအနေ တိုးတက်မှုတွေကိုတော့ သတိထားပြီး စောင့်ကြည့်သွားမှာ ဖြစ်တယ်လို့ ဥရောပပါလီမန်ဥက္ကဋ္ဌ Martin Schulz က အဲဒီသတင်းစာရှင်းလင်းပွဲမှာပဲ ပြောခဲ့ပါတယ်။

✡✡✡✡✡

မြန်မာ–ထိုင်း ဗီဇာမလိုဘဲ ခရီးသွားလာနိုင်မည့်အစီအစဉ် သဘောတူစာချုပ်

Mizzima၊ အောက်တိုဘာ ၂၄ ။ ။ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ခရီးသွားလာခွင့် ဗီဇာမလိုဘဲ ခွင့်ပြုရက် ၁၄ ရက်အထိ နှစ်နိုင်ငံခရီးသွားများ အပြန်အလှန်ခရီးသွားလာနိုင်မည့်အစီအစဉ်ကို နှစ်ဖက်အစိုးရတို့ နိုဝင်ဘာလအတွင်း သဘောတူစာချုပ် ချုပ်ဆိုရန်ရှိပြီး အတည်ပြုနိုင်ရန် ညွှန်ကြားချက်များ ထုတ်ပြန်သွားမည်ဟု ထိုင်းအစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ Mr.Teerat Ratanasevi (မစ္စတာရာဒ်တနဇေဝီ) က မဇ္ဈိမကိုပြောသည်။

"ဒါက နှစ်နိုင်ငံအစိုးရဖော်ဆောင်နိုင်တဲ့ လုပ်ငန်းစဉ်တွေအနက် အင်မတန်ကောင်းမွန်တဲ့ အစီအစဉ်တခုဖြစ်ပါတယ်၊ ဒါကိုလည်းလုပ်သင့်တယ်လို့မြင်ပါတယ်၊ မကြာခင် အာဆီယံစီးပွားရေး အသိုက်အဝန်းဆီကို ဖော်ဆောင်ဖို့လုပ်နေတဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား ခရီးသွားလာမှုကိုလည်း ပိုမိုလွယ်ကူစေပါတယ်"ဟု သူကဆိုသည်။

မြန်မာနိုင်ငံမှတစ်ဆင့် ထိုင်းနိုင်ငံသို့ သွားရောက်လိုသည့် ခရီးသွားများအတွက် ထိုင်းနိုင်ငံရှိ လေဆိပ်ပေါင်း ၂၃ ခုဖြစ်သည့် သု ဝဏ္ဏဘူမိ၊ ဒွန်မောင်း၊ မယ်ဟောင်ဆောင်၊ ချင်းမိုင်၊ ချင်းရိုင်၊ ဟာဒ်ယိုင်၊ ဖူးခက်၊ နန်း၊ ဖိစလုလွတ်(ခ်)၊ မဲဆောက်၊ ခွန်ကန်(မ်)၊ နခွန်ရာဒ်ချစီမာ၊ အူဒွန်ဌာနီ၊ အူဘွန် ရာဒ် ချဌာနီ၊ ကရဘီ၊ တရန်(ဒ်)၊ နာရာသီဝါဒ်၊ ရနောင်း၊ ဆူရာဒ်ဌာနီ၊ ဟွဟာင်၊ ဆမွီ၊ ဆူဂိုးထိုင်းနှင့် ဥသဖောင်(ဝ်) လေဆိပ်များမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား ခရီးသည်များကို ထိုင်းအစိုးရမှ ခရီးသွားလာခွင့် ၁၄ ရက်ခွင့်ပြုမည်ဖြစ်သည်။

သို့သော် ထိုင်းနိုင်ငံမှတဆင့် မြန်မာနိုင်ငံသို့ သွားရောက်မည့် ထိုင်းနိုင်ငံသားများအား မည်သည့်လေဆိပ်များမှ စတင် ခွင့်ပြုသွားမည်ကို မြန်မာအစိုးရမှ ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။

နှစ်နိုင်ငံအစိုးရ ခွင့်ပြုနိုင်ရေးအတွက် နိုဝင်ဘာလလယ်၌ နှစ်နိုင်ငံ သက်ဆိုင်ရာကိုယ်စားလှယ်များ၏ Joint Committee Meeting အစည်းအဝေးကို နေပြည်တော်၌ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ထားပြီးဖြစ်သည်ဟုလည်း Mr Teerat Ratanasevi က ပြောသည်။

ထိုင်းနိုင်ငံအနေဖြင့် ယခုကဲ့သို့အကန့်အသတ်ဖြင့် ဗီဇာကင်းလွတ်ခွင့် ခရီးသွားလာခြင်းကို ခွင့်ပြုသည်မှာ အာဆီယံနိုင်ငံများအနက် နောက်ဆုံးနိုင်ငံတစ်ခု ဖြစ်သည်။ အခြား အာဆီယံနိုင်ငံများဖြစ်သည့် မလေးရှား၊ စင်ကာပူ၊ အင်ဒို၊ ဘရူနိုင်းနှင့် မကြာမီလများက ဂျပန်ကဲ့သို့ နိုင်ငံများပင်လျှင် အကန့်အသတ်ဖြင့် ထိုင်းနိုင်ငံအနေနှင့် နှစ်နိုင်ငံ အကန့်အသတ် ဗီဇာကင်းလွတ်ခွင့် ရရှိထားပြီဖြစ်သည်။

ယခုကဲ့သို့ ထိုင်းနှင့်မြန်မာနိုင်ငံအကြား အကန့်အသတ်ဖြင့် ဗီဇာကင်းလွတ်ခွင့် ခရီးသွားလာရေးသည် ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် ခွင့်ပြုခြင်းဆိုသော်လည်း ထိုင်းနိုင်ငံ၏ ပြည်တွင်းလုံခြုံရေးအား ထိခိုက်စေမည် မဟုတ်ဟုလည်း သက်ဆိုင်ရာ ထိုင်းဝန်ကြီးဌာနများမှ သုံးသပ်ကြောင်းလည်း Mr.Teerat Ratanasevi ကပြောသည်။

"နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ ဒီကိစ္စကို ခွင့်ပြုတယ်ဆိုပေမယ့်လို့ ဒါက လုပ်ဆောင်သင့်သည့် အချင်းအရာဖြစ်တယ်လို့ ထိုင်းကာကွယ်ရေးဝန်ကြီးဌာနနှင့် လုံခြုံရေးပိုင်းတွေက ပြီးခဲ့တဲ့ အစိုးရအဖွဲ့ အစည်းအဝေးမှာ သုံးသပ်တယ်၊ ထိုင်းနဲ့ မြန်မာနိုင်ငံ နယ်စပ်လုံခြုံရေးနှင့် ပြည်တွင်းလုံခြုံရေးအတွက် အဆိုးဘက် အကျိုးသက်ရောက်မှုရှိစေမည့် လုပ်ငန်းမဟုတ်ဘူးလို့ သုံးသပ်ကြတယ်"ဟု ဆိုသည်။

ထို့ပြင် နယ်စပ်ဖြတ်ကျော်ဂိတ်များမှတဆင့် ထိုကဲ့သို့ အကန့်အသတ်ဖြင့် ဗီဇာကင်းလွတ်ခွင့် ခရီးသွားလာရေးကို အနာဂတ်တွင် ဖွင့်လှစ်သွားနိုင်မည်ဟုထိုင်းမှယုံကြည်သည်ဟုလည်းသူကပြောသည်

ထိုင်းမြန်မာ နယ်စပ်ဂိတ် (၄) ခုမှတဆင့် MOU စာချုပ်ဖြင့် ထိုင်းနိုင်ငံတွင်းသို့ လာရောက်အလုပ်လုပ်ကိုင်ကြမည့် မြန်မာနိုင်ငံသားအလုပ်သမားများကိုလည်း ယခုလ ၂၁ ရက်မှစ၍ နိုင်ငံကူးလက်မှတ်အနီ(ပတ်စပို့စ်အကြီးဟုအလုပ်သမားများအခေါ်)အားစတင်ထုတ်ပေးနေပြီဖြစ်ကြောင်း အောက်တိုဘာလ (၁၈) ရက်၌ မဇ္ဈိမသတင်းဌာန၏ မေးမြန်းချက်အား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာအလုပ်သမား သံအရာရှိဦးကျော်ကျော်လွင်ကဖြေကြားထားသည်။

ၾင်းဂိတ်တို့မှာ တာချီလိတ်-မယ်ဆိုင် နယ်စပ်ဂိတ်၊ မြဝတီ-မဲဆောက် နယ်စပ်ဂိတ်၊ ထီးခီး နယ်စပ်ဂိတ်၊ကော့သောင်း-ရနောင်း နယ်စပ်ဂိတ်တို့ဖြစ်ကာ မောတောင် နယ်စပ်ဂိတ်မှာမူ မြန်မာဘက်မှ ဖွင့်လှစ်ရန် အဆင်သင့်မရှိသေးသဖြင့် စောင့်ဆိုင်းရဦးမည်ဖြစ်သည်။

ဖွဲ့စည်းပုံပြင်ရေး တိုင်း/ပြည်နယ် ၅ ခုတွင် ၉၀ ရာခိုင်နှုန်း ပြင်ရန် သဘောတူ

Mizzima၊ အောက်တိုဘာ ၂၂ ။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး၊ အသစ်ရေးဆွဲရေးနှင့်ပတ်သက်သည့် သဘောထားအမြင်များကို တိုင်းနှင့်ပြည်နယ်ငါးခုတွင် ကောက်ယူပြီးဖြစ်ရာ ၉၀ ရာနှုန်းခန့်မှာ ပြင်ဆင်ရန်သာဆန္ဒရှိကြောင်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ သဘောထားအမြင် လိုက်လံကောက်ယူသူများက မဇ္ဈိမကိုပြောသည်။

"ကရင်မှာကောက်တဲ့ခရိုင်ငါးခုလုံးမှာအကုန်လုံးပါတီတွေရော၊ အဖွဲ့အစည်းတွေရောလာကြတယ်၊ အဲ့မှာ သူတို့ အကုန်လုံးကပြင်ဆင်ချင်တဲ့ဘက်ကို ပိုပြီးများတယ်၊ ပြောရရင် ကရင်ပြည်နယ်တခုလုံးနီးပါးပဲလို့ ပြောလို့ရတယ်" ဟု ကရင်ပြည်နယ်တွင် ဆန္ဒကောက်ခံသူ ဦးဌေးဦးကပြောသည်။

မွန်ကလေးဒေသသို့ဆန္ဒကောက်ခံသူ ဦးအောင်သိန်းက "မွန်ကလေးခရိုင်အားလုံးကိုသွားပြီး ဖွဲ့စည်းပုံနဲ့ပတ်သတ်တာတွေ ရှင်းပြတယ်၊ အဲ့မှာ သူတို့အားလုံးက ပြင်ဆင်ဖို့အတွက်ကိုပဲ အားသန်ကြတယ်၊ အားလုံးနီးပါးပဲ၊ အသစ်ရေးဆွဲ ချင်တဲ့သူက နည်းတယ်၊ ရမည်းသင်းလောက်မှာ ငါးဦးလားပဲရှိတယ်၊ ချင်းပြည်နယ်လည်း ထို့အတူပဲအသစ်ရေး ချင်တယ်ပြောတာ ၂၀ ရာနှုန်းပဲရှိပါတယ်၊ ကချင်ကိုတော့ ၂၇ရက်နေ့ မှ ဆက်ကောက်မယ်"ဟု ပြောသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ သဘောထားကောက်ယူမှုများကို မန္တလေးတိုင်း၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်း၊ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် ကောက်ယူပြီးဖြစ်ပြီး ပြင်ဆင်ရေးအားထောက်ခံသူ ၈၀ ရာခိုင်နှုန်းနှင့် ၉၀ ရာခိုင်နှုန်းအကြားရှိသည်။ အသစ်ရေးဆွဲရန် ဆန္ဒပေးသူမှာ ၂၀ ရာခိုင်နှုန်းခန့်သာ ရှိသည်ဟုသိရသည်။

ဆန္ဒလိုက်လံကောက်ယူရာတွင် ကွင်းဆင်းတာဝန်ယူ ကောက်ယူသူများက ပြည်နယ်/တိုင်း/ ခရိုင်/ မြို့နယ် ကိုယ်စားလှယ်များ အားဖွဲ့စည်းပုံနှင့်ပတ်သက်၍ ပြည်သူများအား အခြေခံဥပဒေနှင့် ပတ်သက်၍ ရှင်းလင်းမှုများပြုလုပ်ကာ သဘောဆန္ဒ ရယူခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် အောက်တိုဘာ လ ၂၂ ရက်၌ ဆက်လက် ကောက်ယူသွားမည်ဖြစ်ပြီး ကချင်ပြည်နယ်တွင်လည်း အောက်တိုဘာလ ၂၇ ရက်တွင် ကောက်ယူ မည်ဖြစ်သည်။

ထိုသို့ကောက်ခံရရှိမှုများကို အောက်တိုဘာကုန်ပိုင်းလောက်တွင် အပြီးကောက်ယူသွားမည်ဖြစ်ပြီး နိဝင်ဘာလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ ပြန်လည်တင်ပြမည်ဖြစ်သည်။ ထိုမှ တဆင့် လွှတ်တော်ရှိ ၁၀၉ ဦးကော်မတီသို့ တင်ပြသွားမည်ဟုဆိုသည်။

ဦးသိန်းစိန်အစိုးရကို အယုံအကြည်နည်းစေတဲ့ အကြောင်းများ

VOA ၊ အောက်တိုဘာ ၂၅ ။ ။ ပြုပြင်ရေးလုပ်ဖို့ ကြိုးပမ်းနေတဲ့ ဦးသိန်းစိန်အစိုးရကို ပြည်တွင်းပြည်ပမှာ အယုံအကြည်နည်းပါးစေတဲ့ အကြောင်းရင်းတွေကို လတ်တလောနဲ့ အခြေခံဆိုပြီး နှစ်မျိုးခွဲခြားနိုင်ပါတယ်။ ဦးသိန်းစိန်လက်ထက်မှာ ဖြစ်ပွားတဲ့ ပြဿနာနဲ့ ပဋိပက္ခတွေဟာ အစိုးရကို အယုံအကြည်နည်းစေတဲ့ လတ်တလောအကြောင်းရင်းတွေ ဖြစ်ပါတယ်။ အနှစ် (၅၀) ကျော် စစ်ခေါင်းဆောင်တွေ အဂတိလေးပါး လိုက်စားခဲ့တာဟာ အခြေခံအကြောင်းရင်း ဖြစ်ပါတယ်။ အဂတိလိုက်စားတယ်ဆိုတာဟာ လာဘ်ပေးလာဘ်ယူတင် မဟုတ်ပါဘူး။ မတရားလုပ်မှု၊ မမှန်မကန်လုပ်မှု၊ ကြောက်ပြီးလုပ်မှု၊ ဘက်လိုက်မှုစတာတွေလည်း ပါဝင်ပြီး အရိုးစွဲနေတဲ့ အကျင့်ဆိုးဖြစ်လို့ ပဝေါဂ်အောင် လုပ်ဖို့ အလွန်ခက်ခဲတဲ့ ပြဿနာဖြစ်ပါတယ်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ ဖွဲ့စည်းလိုက်တဲ့ ကော်မရှင်ဟာ အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍမှာ အဂတိလိုက်စားမှုကို စုံစမ်းစစ်ဆေးမယ်လို့ ဆိုပါတယ်။ ဦးသိန်းစိန်အစိုးရသက်တမ်း လပေါင်း (၂၀) အတွင်းမှာ ရဲတပ်ဖွဲ့ဝင် (၇၀၀) အပါအဝင် ဝန်ထမ်း (၁၇,၀၀၀) နီးပါး ကို အဂတိလိုက်စားမှုနဲ့ အရေးယူခဲ့ကြောင်း သိရပါတယ်။ဒါပေမဲ့ လွန်ခဲ့တဲ့နှစ်က ထုတ်ပြန်တဲ့ Transparency International အဖွဲ့ရဲ့ အစီရင်ခံစာမှာတော့ မြန်မာဟာ အဂတိလိုက်စားမှု အများဆုံးနိုင်ငံထဲမှာ ပါဝင်နေဆဲဖြစ်ပါတယ်။

စစ်ဗိုလ်နဲ့ အခွင့်ထူးခံ ခရိုနီတွေ နှစ်ပေါင်းများစွာ အနိုင်ကျင့်ကြီးစိုးခဲ့တဲ့ဒဏ်ကို အခုထက်ထိ ပြည်သူတွေခံနေတုန်းပါ။ တရားဥပဒေရှိပေမယ့် စစ်ဗိုလ်တွေ ဥပဒေအထက်က နေခဲ့တဲ့အတွက် တရားစီရင်ရေးဌာနကို ပြည်သူလူထုက အယုံအကြည်မရှိပါဘူး။ ဒါကြောင့် တရားရေးဌာနမှာ အဂတိတရားလေးပါး ကင်းရှင်းဖို့ အရင်ဆုံးလိုအပ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားလွှတ်ပေးမှု၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ အန်အယ်ဒီပါတီဝင်အချို့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာမှု၊ တိုင်းရင်းသားတပ်ဖွဲ့တွေနဲ့ငြိမ်းချမ်းရေးဆွေးနွေးမှု၊ စာပေစီစစ်ရေးဖျက်သိမ်းမှု စတာတွေကြောင့် နိုင်ငံရေးဘက်မှာ အသင့်အတင့် ယုံကြည်မှု ရှိလာတယ်လို့ ဆိုနိုင်ပါတယ်။ လွှတ်တော်မှာ ဆွေးနွေးတာကို တိုးတက်မှုလို့ ဆိုနိုင်ပေမယ့် ကိုယ်စားလှယ်နေရာ (၂၅) ရာခိုင်နှုန်း စစ်တပ်က ယူထားတာကတော့ အဂတိလိုက်စားမှု ဖြစ်ပါတယ်။

ရေပန်းစားနေတဲ့ဆွေးနွေးပွဲတွေမှာအဂတိလိုက်စားမှုပပျောက်ရေးနဲ့ ယုံကြည်မှုတည်ဆောက်ရေးလည်း ပါဝင်နေတာတွေ့ရပါ တယ်။ စစ်အုပ်စုကြီးစိုးချိန်မှာ ညီမျှမှု၊ တရားမျှတမှု၊ ကတိတည်မှု၊ နိုင်ငံရေးလွှတ်လပ်မှုစတာတွေ ကင်းမဲ့နေလို့ ယုံကြည်မှု မတည်ဆောက်နိုင်တာလို့ သျှမ်းသံတော်ဆင့် က ဇန်နဝါရီလ (၁၇) ရက်နေ့က ဖော်ပြပါတယ်။ အဂတိတရားတွေကြီးစိုးလို့ ယုံကြည်မှုတည်ဆောက်လို့ မရတာဖြစ်ပါတယ်။ ယုံကြည်မှုမရှိဘဲ ငြိမ်းချမ်းရေးရဖို့ မဖြစ်နိုင်သလို တိုင်းပြည်တည်ဆောက်ဖို့လည်း ဖြစ်နိုင်မှာမဟုတ်ပါဘူး။ ဦးသိန်းစိန်အစိုးရ ပြုပြင်ရေးလုပ်တဲ့ ပထမ (၂) နှစ်မှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနဲ့ တနင်္သာရီတိုင်းမှာ ဒေသခံတွေ အတင်းအဓမ္မ ရွှေ့ပြောင်းခံရကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့ရဲ့ လွန်ခဲ့တဲ့ မတ်လထုတ် အစီရင်ခံစာမှာ ဖော်ပြထားတာ တွေ့ရပါတယ်။

သယံဇာတ ထုတ်ယူရေး၊ ရေအားလျှပ်စစ်၊ သစ်ထုတ်လုပ်ရေး၊ စိုက်ပျိုးရေးနဲ့ စက်မှုစီမံကိန်းတွေ အကောင်အထည်ဖော်ရာမှာ မြေယာသိမ်းပိုက်ပြီး ဒေသခံတွေကို နှင်ထုတ်နေတာ ဖြစ်ပါတယ်။ အစိုးရနဲ့ ကရင်အမျိုးသားအစည်းအရုံး အပစ်အခတ်ရပ်စဲထားပေမယ့် ဒေသခံတွေရဲ့ မြေယာပိုင်ဆိုင်မှုကို ကာကွယ်နိုင်တဲ့အခြေအနေ မရှိသေးဘူးလို့ ဆိုပါတယ်။ လက်နက်ကိုင်ကြီးစိုးခဲ့တဲ့ နယ်မြေဖြစ်လို့ အစိုးရတပ် (သို့မဟုတ်) တိုင်းရင်းသားလက်နက်ကိုင်နဲ့ ပုဂ္ဂလိကကုမ္ပဏီ ပူးတွဲ လုပ်ကိုင်တဲ့ စီမံချက်ကို ဆန့်ကျင်ဖို့မဝံ့မရဲ ဖြစ်နေကြတယ်လို့ ဆိုပါတယ်။ ကရင်ပြည်နယ်မှာ အပစ်အခတ်ရပ်စဲပြီးတဲ့နောက်ပိုင်း မြေယာသိမ်းပိုက် မှုများပြားလာပါတယ်။ ပြည်တွင်းပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ သက်ဆိုင်ရာအာဏာပိုင်တွေ ပူးပေါင်းပြီးသိမ်းယူတာဟာ လက်ရှိအစိုးရကို အယုံအကြည်ကင်းမဲ့စေတဲ့ လုပ်ရပ်ဖြစ်ပါတယ်။

မြေယာသိမ်းယူမှုကို ကိုင်တွယ်ဖို့ လယ်ယာမြေစုံစမ်းရေးကော်မရှင်ကို လွှတ်တော်က ဖွဲ့စည်းထားပါတယ်။ လွန်ခဲ့တဲ့နောက်ပိုင်းမှာ ဖားအံ့နဲ့ သံတောင်ကို ဒီကော်မရှင်သွားပြီး မကျေနပ်တာကိုတိုင်းကြားဖို့ အားပေးစကားပြောတာဟာ ချီးမွမ်းစရာဖြစ်ပေမယ့် ပြဿနာမဖြေရှင်းနိုင်ပါဘူး။ ဥပဒေမဲ့ မြေသိမ်းတာကို ဟန့်တားပြီး တောင်သူလယ်သမား အကျိုးခံစားနိုင်ဖို့အတွက် အောက်တိုဘာလ (၈) ရက်နေ့က ဥပဒေ ပြဌာန်းပါတယ်။ တောင်သူ လယ်သမား ကိုယ်စားလှယ်တွေ ပါဝင်တဲ့ ဦးဆောင်အဖွဲ့က အကောင်အထည်ဖော်မှာဖြစ်လို့ ဘယ်လောက် ထိရောက်တယ်ဆိုတာ စောင့်ကြည့်ရပါလိမ့်မယ်။

စစ်တပ်ကို မထိန်းချုပ်နိုင်တာဟာလည်း အရပ်သားတပိုင်း အစိုးရကို အယုံအကြည် ကင်းမဲ့စေတဲ့ အကြောင်းရင်းတခု ဖြစ်ပါတယ်။ လွှတ်တော်က ပြဌာန်းတဲ့ ဥပဒေအမျိုးမျိုးကို အကောင်အထည် မဖော်နိုင်ရင် အချည်းနှီးပါ။ လတ်တလောဖြစ်ပေါ်တဲ့ ပြဿနာနဲ့ ပဋိပက္ခတွေကို ဖြေရှင်းနိုင်တဲ့ အတိုင်းအတာကိုလိုက်ပြီး ဦးသိန်းစိန်အစိုးရ ယုံကြည်မှုရရှိနိုင်ပါတယ်။ဒါပေမဲ့ တဖက်သတ် လုပ်ကိုင်မှု၊ အနိုင်ကျင့်မှု၊ အခွင့်ထူးခံယူမှု၊ မတရားမှု၊ ဘက်လိုက်မှု၊ အလွဲသုံးစားလုပ်မှု စတဲ့ အဂတိတရားတွေ လိုက်စားနေသမျှ အစိုးရအဖွဲ့အစည်းတွေကို တိုင်းသူပြည်သားက ယုံကြည်ဖို့ ခက်ခဲနေမှာဖြစ်ပါတယ်။

အပြောင်းအလဲတွေလုပ်ဖို့
လုပ်ပိုင်ခွင့် အာဏာ လိုအပ်တဲ့အတွက်
လုပ်ချင်တဲ့ အပြောင်းအလဲတွေ လုပ်ဖို့
အာဏာ လိုအပ်တယ်။

ဒေါ်အောင်ဆန်းစုကြည်

မြန်မာနိုင်ငံလူ့အခွင့်အရေးအစီရင်ခံစာ ကုလအထွေထွေညီလာခံသို့ တင်သွင်း

VOA ၊ အောက်တိုဘာ ၂၃ ။ ။ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်ရဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေနဲ့ပတ်သက်တဲ့ အစီရင်ခံစာကို ကုလသမဂ္ဂအထွေထွေညီလာခံကို တင်သွင်းလိုက်ပါတယ်။

မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ အပြောင်းအလဲတွေက လူ့အခွင့်အရေး အခြေအနေတွေ သိသိသာသာ တိုးတက်မယ့် အလားအလာကို ဖန်တီးပေးခဲ့တယ်လို့ လူ့အခွင့်အရေးကိုယ်စားလှယ် Tomas Ojea Quintana ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

မြန်မာအစိုးရအနေနဲ့ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးခဲ့တာ၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုအပေါ် ပိုပြီးလေးစားမှုရှိလာတာ၊ တပြည်လုံးအတိုင်း အတာနဲ့ အပစ်အခတ်ရပ်စဲမှု ရရှိအောင် လုပ်နေတဲ့အပိုင်းမှာ တိုးတက်မှုတွေ ရှိနေတာတွေကို အစီရင်ခံစာထဲမှာ ထည့်သွင်းထားပါတယ်။

တချိန်တည်းမှာပဲ လက်ရှိဖြစ်နေတဲ့ လူ့အခွင့်အရေးအခြေအနေကို ထိခိုက်စေမဲ့ ပြဿနာတွေကိုလည်း မဖြစ်မနေဖြေရှင်းဖို့ လိုတယ်ဆိုတာကို Quintana က အစီရင်ခံစာမှာ မီးမောင်းထိုးပြထားပါတယ်။

ဒီချို့ယွင်းအားနည်းချက်တွေကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန် စံနှုန်းတွေနဲ့အညီ အခုအချိန်မှာ မကိုင်တွယ် မဖြေရှင်းဘူးဆိုရင် လူ့အခွင့်အရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးပိုင်းကို ထိခိုက်စေနိုင်တဲ့အပြင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကိုပါတဖြည်းဖြည်းအနှောင့်အယှက်ဖြစ်စေလိမ့်မယ်လို့ ကုလသမဂ္ဂအထွေထွေညီလာခံကို တင်ပြတဲ့ အစီရင်ခံစာမှာ သတိပေးထားပါတယ်။

မြန်မာအစိုးရထဲမှာ လွှမ်းမိုးနေတဲ့ စစ်အတွေး၊ စစ်အမြင်ကနေ လူ့အခွင့်အရေးကို လေးစားတဲ့ဒီမိုကရေစီအတွေးအခေါ်အဖြစ် ပြောင်းလဲနိုင်ဖို့ဟာ မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုတွေ စတင်ကတည်းက ရှိနေတဲ့ စိန်ခေါ်မှုဖြစ်တယ်လို့ Mr. Quintana အထွေထွေညီလာခံကို တင်သွင်းတဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဒီအစီရင်ခံစာအပေါ်မှာ အခြေခံပြီး အောက်တိုဘာ ၂၄ ရက်နေ့ ကြာသပတေးနေ့ကျရင် ကုလသမဂ္ဂ အထွေထွေညီလာခံမှာ ဆွေးနွေးကြမှာဖြစ်ပါတယ်။

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: mgthuka@gmail.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်